# ပထမပုဂ္ဂလိကဘဏ်လီမိတက်

(အများနှင့်သက်ဆိုင်သောကုမ္ပဏီ)

FPB
First Private Bank

**The Bank You Can Trust**

(၁၂) ကြိမ်မြောက်အထူးအစည်းအဝေးနှင့် (၃၂) ကြိမ်မြောက်နှစ်ပတ်လည်

အထွေထွေအစည်းအဝေးသို့ တင်သွင်းသည့်

ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ

၂၀၂၃ ခုနှစ်  ဒီဇင်ဘာလ (၁၇) ရက် (တနင်္ဂနွေနေ့)

# ပထမပုဂ္ဂလိကဘဏ်လီမိတက်

## (၁၂) ကြိမ်မြောက် အထူးအစည်းအဝေးနှင့်
## (၃၂) ကြိမ်မြောက်နှစ်ပတ်လည် အထွေထွေအစည်းဝေးသို့ တင်ပြသည့်
## ဒါရိုက်တာအဖွဲ့အစီရင်ခံစာ

ပထမပုဂ္ဂလိကဘဏ်လီမိတက်စတင်ဖွင့်လှစ်ခဲ့သည့် ၁၉၉၂ ခုနှစ်၊ အောက်တိုဘာလ (၆) ရက်နေ့မှ ၂၀၂၃ခုနှစ်၊ အောက်တိုဘာလအထိ ဘဏ်ဖွင့်လှစ်ခဲ့သည့်သက်တမ်းမှာ (၃၂) နှစ်တိတိ ပြည့်ပြီဖြစ်ပါသည်။ အစုရှယ်ယာရှင်များအား ဘဏ်လုပ်ငန်းအခြေအနေများကိုသိရှိနိုင်ရန်နှင့် အတည်ပြုပေးရန် (၁၂) ကြိမ်မြောက်အထူးအစည်းအဝေးနှင့် (၃၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးသို့ ဤဒါရိုက်တာအဖွဲ့အစီရင်ခံစာကို တင်ပြပါသည်။

### ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်-နှစ်ချုပ်ဘဏ်လုပ်ငန်းအခြေအနေ

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် လုပ်ငန်း အခြေအနေများ နှိုင်းယှဉ်ချက်ကို ဇယား(၁)တွင် အကျဉ်းချုပ်၍ဖော်ပြထားပါသည်။

ဇယား -၁-

**ဘဏ်လုပ်ငန်းအခြေအနေများ နှိုင်းယှဉ်ချက်**

| အကြောင်းအရာ | | ၂၀၂၁-၂၀၂၂ (၆လ)<br>(အောက်တိုဘာလမှမတ်လအထိ)<br>(၃၁-၃-၂၀၂၂) | ၂၀၂၂-၂၀၂၃(၁၂လ)<br>(ဧပြီလမှမတ်လအထိ)<br>(၃၁-၃-၂၀၂၃) |
|---|---|---|---|
| ၁။ ဘဏ်အပ်ငွေ | (ကျပ်သန်း) | ၁၄၆,၄၈၆.၅၃ | ၁၂၇,၁၉၆.၅၉ |
| ၂။ ချေးငွေနှင့်စာရင်းပိုထုတ်ငွေများ | (ကျပ်သန်း) | ၁၀၆,၉၈၀.၆၈ | ၉၆,၁၀၆.၉၃ |
| ၃။ ဝင်ငွေခွန်မနှုတ်မီအမြတ် | (ကျပ်သန်း) | ၂,၈၁၃.၆၃ | ၄,၀၉၅.၃၅ |
| ၄။ ဝင်ငွေခွန် | (ကျပ်သန်း) | ၇၃၅.၂၃ | ၆၁၇.၈၈ |
| ၅။ မခွဲဝေရသေးသည့် အမြတ်လက်ကျန် | (ကျပ်သန်း) | ၆,၈၁၈.၃၀ | ၄,၈၂၃.၃၉ |

### ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အရှုံးအမြတ်အခြေအနေ
### (၁-၄-၂၀၂၂ နေ့မှ ၃၁-၃-၂၀၂၃ နေ့ထိ)

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ရငွေစုစုပေါင်းမှာ ကျပ် ၉,၁၀၃.၅၈ သန်း ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၆,၇၀၈.၂၀ သန်း ရှိသဖြင့် ရငွေ ကျပ် ၇,၆၀၄.၆၂ သန်း တိုးတက်လာပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် အသုံးစရိတ်စုစုပေါင်းမှာ ကျပ် ၆,၂၈၉.၉၄ သန်း ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ကျပ် ၁၂,၆၁၂.၈၅သန်း ရှိ၍ အသုံးစရိတ် ကျပ် ၆,၃၂၂.၉၂ သန်း ပိုမိုသုံးစွဲခဲ့ရပါသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေခွန်မနှုတ်မီအမြတ်မှာ ကျပ် ၂,၈၁၃.၆၃ သန်း ရရှိခဲ့ပြီး၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေခွန်မနှုတ်မီအမြတ်မှာ ကျပ် ၄,၀၉၅.၃၅ သန်း ရရှိခဲ့ပါသည်။ အရှုံး/အမြတ်နှိုင်းယှဉ်ချက်ကို ဇယား (၂) တွင်ဖော်ပြထားပါသည်။

ဇယား -၂-

## ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အရှုံး-အမြတ်နှိုင်းယှဉ်ချက်
## (ကျပ်သန်း)

| **အကြောင်းအရာ** | **၂၀၂၁-၂၀၂၂** | **၂၀၂၂-၂၀၂၃** |
|---|---|---|
| ရငွေ | | |
| အတိုးရငွေ | ၈,၅၅၇.၇၉ | ၁၂,၇၈၅.၇၆ |
| အခြားရငွေ | ၅၄၅.၇၉ | ၃,၉၂၂.၄၄ |
| **ရငွေစုစုပေါင်း** | **၉,၁၀၃.၅၈** | **၁၆,၇၀၈.၂၀** |
| အသုံးစရိတ် | | |
| အတိုးစရိတ် | ၃,၁၉၆.၈၉ | ၆,၂၁၆.၂၈ |
| လုပ်ငန်းကုန်ကျစရိတ် | ၃,၀၉၃.၀၅ | ၆,၃၉၆.၅၇ |
| **အသုံးစရိတ်စုစုပေါင်း** | **၆,၂၈၉.၉၄** | **၁၂,၆၁၂.၈၅** |
| **ဝင်ငွေခွန်မနှုတ်မီအမြတ်** | **၂,၈၁၃.၆၃** | **၄,၀၉၅.၃၅** |

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အမြတ်များကို ခွဲဝေလျာထားခြင်း

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့တွင် ရရှိခဲ့သည့် အခွန်မနှုတ်မီအမြတ်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့်အညီ အောက်ပါအတိုင်း ခွဲဝေလျာထားခဲ့ပါသည်-

### ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အမြတ်များကိုခွဲဝေလျာထားခြင်း

**ကျပ်သန်းပေါင်း**

| | | | |
|---|---|---|---|
| ၁။ | **ဝင်ငွေခွန်မဆောင်မီအမြတ်** | | ၄,၀၉၅.၃၅ |
| | ဝင်ငွေခွန်ဥပဒေအရ နုတ်ပယ်ရမည့်ဝင်ငွေများ(Unrealized Cost and Income) | | |
| | (က) ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲလှယ်နှုန်း တက်လာမှုကြောင့် ဖြစ်ပေါ်သော (FX Revaluation Gain) | ၂၄၄.၈၃ | |
| | (ခ) ပုံသေပိုင်ပစ္စည်းများရောင်းချရာမှမြတ်စွန်းငွေ | ၅၂၄.၄၈ | |
| | **ဝင်ငွေခွန်ဥပဒေအရပေးဆောင်ရမည့်ဝင်ငွေစုစုပေါင်း** | | ၃,၃၂၆.၀၄ |
| ၂။ | ပေးဆောင်ရသည့် ဝင်ငွေခွန်(17%Provision for Taxation) (ကျပ်သန်း ၃၃၂၆.၀၄ x ၁၇%) | | ၅၆၅.၄၃ |
| ၃။ | အခြေပစ္စည်းမှမြတ်စွန်းငွေအပေါ် ပေးဆောင်ရသည့်ဝင်ငွေခွန်(10%Provision for Taxation) (ကျပ်သန်း ၅၂၄.၄၈ x ၁၀%) | | ၅၂.၄၅ |
| ၄။ | အထွေထွေသီးသန့်ရန်ပုံငွေ (25%Statutory Reserve) (ကျပ်သန်း ၃၄၇၇.၄၈ x ၂၅%) | | ၈၆၉.၃၇ |
| ၅။ | မခွဲဝေရသေးသည့်အမြတ်လက်ကျန်(Retained Profit) (ကျပ်သန်း ၃၄၇၇.၄၈ - ၈၆၉.၃၇ သန်း) | | ၂,၆၀၈.၁၁ |

## ပထမပုဂ္ဂလိကဘဏ် အစုရှယ်ယာများ

ပထမပုဂ္ဂလိကဘဏ်လီမိတက်စတင်တည်ထောင်ခဲ့သည့် ၁၉၉၂ ခုနှစ်တွင် ခွင့်ပြုမတည်ငွေရင်း (Authorized Capital) ကျပ်သန်း ၁,၀၀၀ သတ်မှတ်ခဲ့ပြီး အစုရှယ်ယာတစ်စုလျှင် **ကနဦးတန်ဖိုး/မူလတန်ဖိုး ကျပ် ၁၀,၀၀၀** ဖြင့် ရောင်းချခဲ့ပါသည်။ ဘဏ်အမြတ်ငွေများ နှစ်စဉ်တိုးတက်ရရှိခဲ့၍လည်းကောင်း၊ နှစ်စဉ်အမြတ်ဝေစုများ ခွဲဝေပေးနိုင်ခဲ့၍လည်းကောင်း၊ အစုရှယ်ယာဈေးနှုန်းများကို အမြတ်တင်၍ရောင်းချခဲ့ရာ အမြတ်တင်ရောင်းချရသည့် ငွေများကို ပရီမီယံစာရင်း (Premium A/C) တွင်ထည့်သွင်းထားရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန်တွင် **ကျပ် ၁၁,၈၄၅.၈၈ သန်း** ရှိပါသည်။

## ရှယ်ယာများကို ခွဲခြမ်းစိတ်ဖြာ (Share Split) ပြုလုပ်ခြင်း

ပထမပုဂ္ဂလိကဘဏ်၏ သင်းဖွဲ့မှတ်တမ်းအပိုဒ် (၅) ပါ "မတည်ငွေများကို ယခုလက်ရှိ အစုရှယ်ယာများထက် တန်ဖိုးကြီးသော သို့မဟုတ် တန်ဖိုးငယ်သော အစုရှယ်ယာများသို့ ခွဲခြမ်းစိတ်ဖြာနိုင်သည်" ဟူသောသတ်မှတ်ချက်နှင့်အညီ ဒါရိုက်တာအဖွဲ့၏ (၁၅-၆-၂၀၂၂) ရက်နေ့တွင်ကျင်းပသည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ **"အစုရှယ်ယာတစ်စုလျှင် ကနဦးတန်ဖိုး/မူလတန်ဖိုး ကျပ် ၁၀,၀၀၀ တန် အစုရှယ်ယာတစ်စုကို ကနဦးတန်ဖိုး/မူလတန်ဖိုး ကျပ် ၁၀၀၀/ ဖြင့် အစုရှယ်ယာဆယ်စုအဖြစ်သို့ ခွဲခြမ်းစိတ်ဖြာခြင်း (Share Split) လုပ်ရန်"** ဆုံးဖြတ်ခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြခွင့်ပြုချက်တောင်းခံခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၂၄-၁၁-၂၀၂၂) နေ့ရက်စွဲပါစာအမှတ်၊ ၁၅၁၅/ကက(၁)/၃/၅၀၉/၂၀၂၂-၂၃ ဖြင့်ခွင့်ပြုခဲ့ပါသည်။ (၁၈-၁၂-၂၀၂၂)ရက်နေ့တွင် ကျင်းပပြုလုပ်မည့် (၁၁) ကြိမ်မြောက် အထူးအစည်းအဝေးတွင် တင်ပြပြီး အစုရှယ်ယာရှင်များ၏အတည်ပြုချက် ရယူခဲ့ပြီးဖြစ်ပါသည်။ <u>(၁၃-၁-၂၀၂၃) ရက်နေ့တွင် ရန်ကုန်စတော့ အိတ်ချိန်းတွင် အစုရှယ်ယာများကို ခွဲခြမ်းစိတ်ဖြာ (Share Split) ပြုလုပ်ခဲ့ပါသည်။ မူလထုတ်ဝေပြီး အစုရှယ်ယာ အရေအတွက် ၂,၄၇၂,၀၅၃ စု၊ ရှယ်ယာတန်ဖိုး ကျပ် ၂၄,၇၂၀.၅၃ သန်းအစား Share split ပြုလုပ်ပြီး အစုရှယ်ယာ အရေအတွက် ၂၄,၇၂၀,၅၃၀ စု၊ ရှယ်ယာတန်ဖိုး ကျပ် ၂၄,၇၂၀.၅၃ သန်းအဖြစ်သို့ ပြောင်းလဲသွားခဲ့ ပါသည်။</u>

## ဆုကြေးရှယ်ယာ (Bonus Share) ပေးခြင်း

အစုရှင်များကို (၁၈-၁၂-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁၁) ကြိမ်မြောက်အထူး အစည်းအဝေးနှင့် (၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် ဆုကြေးရှယ်ယာ (Bonus Share) ခွဲဝေပေးရန် တင်ပြအတည်ပြုချက်ရယူခဲ့ပါသည်။ ဒါရိုက်တာအဖွဲ့သည် (၁၇-၁-၂၀၂၃) ရက်နေ့တွင် ပြုလုပ်သည့် (၁/၂၀၂၃) ကြိမ်မြောက် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ **အစုရှယ်ယာရှင်များကို ခွဲခြမ်းစိတ်ဖြာပြီးအစုရှယ်ယာ (ငါး) စုလျှင် ဆုကြေးရှယ်ယာ (Bonus Share) (တစ်) စု ခွဲဝေပေးရန် ဆုံးဖြတ်ခဲ့ကြပါသည်**။ အစုရှယ်ယာရှင်များကို ဆုကြေးရှယ်ယာ (Bonus Share) အစုရှယ်ယာ **၄၉,၄၄၀၈၃ စု၊ တန်ဖိုးငွေ ကျပ် ၄,၉၄၄.၀၈ သန်း**ကို ခွဲဝေပေးခဲ့ပါသည်။ ရှယ်ယာဆုကြေးများ ခွဲဝေပြီးနောက် ပထမပုဂ္ဂလိကဘဏ်၏ မတည်ရင်းနှီးငွေပမာဏ (Paid up Capital) နှင့် စုစုပေါင်း အစုရှယ်ယာ အရေအတွက်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| **မူလထုတ်ဝေပြီးသော အစုရှယ်ယာအရေအတွက်** | **၂၄,၇၂၀,၅၃၀ စု** | **(ရှယ်ယာတန်ဖိုးကျပ် ၂၄,၇၂၀.၅၃သန်း)** |
| **ဆုကြေးရှယ်ယာ အရေအတွက်** | **၄,၉၄၄,၀၈၃ စု** | **(ရှယ်ယာတန်ဖိုးကျပ် ၄,၉၄၄.၀၈ သန်း)** |
| **စုစုပေါင်းတိုးမြှင့်ပြီး အစုရှယ်ယာအရေအတွက်** | **၂၉,၆၆၄,၆၁၃ စု** | **(ရှယ်ယာတန်ဖိုးကျပ် ၂၉,၆၆၄.၆၁ သန်း)** |

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန်တွင် ဘဏ်၏ ထည့်ဝင်ပြီးမတည်ငွေရင်း (Paid up Capital) မှာ ကျပ် ၂၉,၆၆၄.၆၁ သန်း ဖြစ်ပါသည်။

## အစုရှယ်ယာရှင်များ၏ ရပိုင်ခွင့်များ

အစုရှယ်ယာရှင်များ၏ရပိုင်ခွင့်များမှာ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၂) ရက်နေ့တွင် **ကျပ် ၆၉,၁၄၆.၆၉ သန်း**ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့တွင် **ကျပ် ၇၃,၉၃၁.၅၄ သန်း**ရှိ၍ **ကျပ် ၄,၇၈၄.၈၅ သန်း အထိ** ပိုမိုတိုးတက်ခဲ့ပါသည်။ အစုရှယ်ယာရှင်များ၏ရပိုင်ခွင့်များကိုဇယား (၃) တွင် နှိုင်းယှဥ်ဖော်ပြထား ပါသည်။

**ဇယား -၃-**

**အစုရှယ်ယာရှင်များ၏ရပိုင်ခွင့်များ**

**(ကျပ်သန်း)**

| | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ |
|---|---|---|
| ၁။ ထည့်ဝင်ပြီးမတည်ငွေရင်း | ၂၄,၇၂၀.၅၃ | ၂၉,၆၆၄.၆၁ |
| ၂။ ရှယ်ယာပရီမီယံ | ၁၁,၈၄၅.၈၈ | ၁၁,၈၄၅.၈၈ |
| ၃။ အထွေထွေသီးသန့်ရန်ပုံငွေ | ၁၇,၆၅၆.၆၀ | ၁၈,၅၂၅.၉၇ |
| ၄။ ကြွေးဆုံးရန်ပုံငွေ | ၄,၅၁၅.၇၂ | ၅,၄၈၀.၄၈ |
| ၅။ အရေးပေါ်သီးသန့်ရန်ပုံငွေ | ၁၀၃.၁၆ | ၁၁၂.၈၂ |
| ၆။ အခြားရန်ပုံငွေများ | ၃,၄၈၆.၅၀ | ၃,၄၇၈.၃၈ |
| ၇။ မခွဲဝေရသေးသည့်အမြတ်လက်ကျန် | ၆,၈၁၈.၃၀ | ၄,၈၂၃.၃၉ |
| **အစုရှယ်ယာရှင်များ၏ရပိုင်ခွင့်စုစုပေါင်း** | **၆၉,၁၄၆.၆၉** | **၇၃,၉၃၁.၅၄** |
| **အစုတစ်စုတန်ဖိုး (မူလရောင်းဈေး ၁၀၀၀၀) ကျပ်** | **၂၇,၉၇၁** | |
| **အစုတစ်စုတန်ဖိုး (မူလရောင်းဈေး ၁၀၀၀) ကျပ်** | | **၂,၄၉၂.၂၅** |

ပြင်ပစာရင်းစစ်အစီရင်ခံစာအရ အစုတစ်စုတန်ဖိုး (Book Value per Share) မှာ (၂၀၂၁-၂၀၂၂) ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၂) ရက်နေ့တွင် အစုရှယ်ယာတစ်စုလျှင် ကနဦးတန်ဖိုး/မူလတန်ဖိုး( **ကျပ် ၁၀,၀၀၀ တန်အစုမှာ ကျပ် ၂၇,၉၇၁ သန်း** ရှိပြီး (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့တွင် အစုရှယ်ယာတစ်စုလျှင် ကနဦးတန်ဖိုး/မူလတန်ဖိုး **ကျပ် ၁,၀၀၀ တန်အစုမှာ ကျပ် ၂,၄၉၂.၂၅ သန်း** ရှိပါသည်။ အစုတစ်စုတန်ဖိုး (Book Value)ကို တွက်ချက်ရာတွင် ဘဏ်၏လက်ကျန်ရှင်းတမ်းရှိ ရရန်ပိုင်ခွင့်အပေါ် အခြေခံတွက်ချက်ထားပါသည်။

## အစုရှယ်ယာပိုင်ဆိုင်ထားမှုအခြေအနေ

ဘဏ်မှထုတ်ဝေရောင်းချထားသည့် အစုရှယ်ယာအရေအတွက်မှာ **၂၉၆၆၄၆၁၃ စု၊** ငွေပမာဏ **ကျပ် ၂၉၆၆၄.၆၁ သန်း** ဖြစ်ပြီး (၃၁-၁၀-၂၀၂၃) ရက်နေ့တွင် အစုရှယ်ယာရှင်ဦးရေမှာ **(၈၂၈၉) ဦး** ရှိပါသည်။ Special Account တွင် အစုရှင် ဦးရေမှာ **(၆,၁၆၉) ဦး၊ (၇၄.၄၂%) အစုရှယ်ယာအရေအတွက် ၁၅,၂၆၂,၆၈၀ စု၊ (၅၁.၄၅%)** နှင့် ရန်ကုန်စတော့ အိပ်ချိန်းတွင် အရောင်းအဝယ်ပြုလုပ်ရန် Securities Account ဖွင့်လှစ်ထားသည့် အစုရှယ်ယာရှင်ဦးရေမှာ **(၂,၁၂၀) ဦး၊ (၂၅.၅၈%) အစုရှယ်ယာအရေအတွက် ၁၄,၄၀၁,၉၃၃ စု၊ (၄၈.၅၅%)** ဖြစ်ပါသည်။ ရန်ကုန်စတော့ အိပ်ချိန်း (YSX) မှ ပေးပို့ရရှိသော (၃၁-၁၀-၂၀၂၃) ရက်နေ့ရှိ အစုရှယ်ယာရှင်များ၏ ရှယ်ယာပိုင်ဆိုင်မှုအချိုးအစားကို အောက်ပါ ဇယား (၄) တွင် ဖော်ပြ ထားပါသည်။

ဇယား -၄-

(၃၁-၁၀-၂၀၂၃) နေ့ရှိ အစုရှယ်ယာရှင်များ၏ ရှယ်ယာပိုင်ဆိုင်မှုအချိုးအစား

| | ရှယ်ယာအုပ်စု | Special A/C | Securities A/C | Total A/C |
|---|---|---|---|---|
| ၁။ | ၁-၁၀ | ၀ | ၇၃ | ၇၃ |
| ၂။ | ၁၁-၁၀၀ | ၃,၁၈၅ | ၅၃၆ | ၃,၇၂၁ |
| ၃။ | ၁၀၁-၅၀၀ | ၁,၇၇၆ | ၆၂၁ | ၂,၃၉၇ |
| ၄။ | ၅၀၁-၁၀၀၀ | ၃၅၆ | ၂၁၈ | ၅၇၄ |
| ၅။ | ၁၀၀၁-၅၀၀၀ | ၅၄၂ | ၃၇၇ | ၉၁၉ |
| ၆။ | ၅၀၀၁-၁၀၀၀၀ | ၉၆ | ၉၈ | ၁၉၄ |
| ၇။ | ၁၀၀၀၁-၃၀၀၀၀ | ၁၃၆ | ၁၀၉ | ၂၄၅ |
| ၈။ | ၃၀၀၀၁-၁၀၀၀၀၀ | ၄၉ | ၄၅ | ၉၄ |
| ၉။ | ၁၀၀၀၀၁-၃၀၀၀၀၀ | ၂၃ | ၂၃ | ၄၆ |
| ၁၀။ | ၃၀၀၀၀၁ နှင့်အထက် | ၆ | ၁၀ | ၁၆ |
| | စုစုပေါင်း | ၆,၁၆၉ (၇၄.၄၂%) | ၂,၁၂၀ (၂၅.၅၈%) | ၈,၂၈၉ (၁၀၀%) |

## အစုရှယ်ယာ အများဆုံးပိုင်ဆိုင်ထားသူ (၁၀) ဦးစာရင်း

(၃၁-၁၀-၂၀၂၃) ရက်နေ့ရှိ ပထမပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာအများဆုံးပိုင်ဆိုင်ထားသူ (၁၀) ဦး၏ အမည်စာရင်းကို အောက်ပါဇယား (၅) တွင် ဖော်ပြထားပါသည်။ အစုရှယ်ယာ အများဆုံးပိုင်ဆိုင်ထားသူ (၁၀) ဦး၏ အစုရှယ်ယာ ပိုင်ဆိုင်မှုမှာ **၇,၉၂၃,၄၂၄ စု** ဖြစ်ပြီး စုစုပေါင်းအစုရှယ်ယာ၏ **(၂၆.၇၁%)** ဖြစ်ပါသည်။

ဇယား -၅-

(၃၁-၁၀-၂၀၂၃) နေ့ရှိ အစုရှယ်ယာ အများဆုံးပိုင်ဆိုင်သူ (၁၀) ဦး

| | အမည် | အစုရှယ်ယာအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ၁။ | ဦးအောင်မိုးကျော် | ၁,၉၅၂,၉၆၀ | ၆.၅၈% |
| ၂။ | ဒေါ်မာမာထွန်း | ၁,၀၇၅,၃၈၀ | ၃.၆၃% |
| ၃။ | ဒေါ်ရွှေစင် | ၁,၀၁၈,၈၄၈ | ၃.၄၃% |
| ၄။ | ဦးမောင်မောင်သိန်း | ၇၇၆,၀၅၂ | ၂.၆၂% |
| ၅။ | ဦးနေလင်းဦး | ၇၅၇,၉၂၀ | ၂.၅၆% |
| ၆။ | ဦးထွန်းဝင်းနိုင် | ၅၈၃,၅၁၂ | ၁.၉၇% |
| ၇။ | ဒေါက်တာအောင်မင်း | ၄၉၂,၁၀၈ | ၁.၆၆% |
| ၈။ | ဦးလီဂျီဥ္စန်း | ၄၇၇,၄၅၆ | ၁.၆၁% |
| ၉။ | ဦးအောင်ကျော်ဇော | ၄၂၉,၁၈၈ | ၁.၄၅% |
| ၁၀။ | ဦးခင်မောင်ဖေ | ၃၆၀,၀၀၀ | ၁.၂၁% |
| | စုစုပေါင်း | ၇,၉၂၃,၄၂၄ | ၂၆.၇၁% |

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဘဏ္ဍာရေးအချိုးများ

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန် (၃၀-၉-၂၀၂၂) ရက်နေ့နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့ရှိ ဘဏ္ဍာရေးအချိုးများ နှိုင်းယှဉ်ချက်ကို ဇယား (၆) တွင် ဖေါ်ပြထားပါသည်။

**ဇယား -၆-**

**ဘဏ္ဍာရေးအချိုးများနှိုင်းယှဉ်ချက်**

| | ၂၀၂၁-၂၀၂၂ (၃၁-၃-၂၀၂၂) | ၂၀၂၂-၂၀၂၃ (၃၁-၃-၂၀၂၃) |
|---|---|---|
| ၁။ ငွေကြေးလွယ်ကူမှုအချိုး | ၆၁.၃၈% | ၆၄.၂၅% |
| ၂။ မတည်ငွေရင်းလုံလောက်မှုအချိုး(Tier-1) | ၄၃.၁၅% | ၅၀.၀၃% |
| ၃။ မတည်ငွေရင်းလုံလောက်မှုအချိုး(Tier-2) | ၄၆.၉၇% | ၅၁.၂၈ % |
| ၄။ ငွေရေးကြေးရေးခိုင်မာမှုအချိုး | ၁.၃၈ : ၁ | ၁.၄၁ : ၁ |
| ၅။ အစုရှင်များထည့်ဝင်ငွေပေါ်ပြန်ရချက် | | |
| ဝင်ငွေခွန်မနှုတ်မီ | ၈.၁၄% | ၅.၅၄% |
| ဝင်ငွေအခွန်နှုတ်ပြီး | ၆.၀၁% | ၄.၇၀% |
| ၆။ အစုရှင်များ၏ခံစားခွင့်အချိုး | ၂.၈၀ : ၁ | ၂.၄၉ : ၁ |
| ၇။ စုစုပေါင်းရပိုင်ခွင့်ပေါ် အမြတ်ပြန်ရနှုန်း | ၁.၈၆% | ၁.၆၆% |
| ၈။ ဈေးနှုန်းနှင့်ဝင်ငွေအချိုး (PE) ratio | ၁၁.၀၀% | ၁၃.၀၀% |
| ၉။ အစုတစ်စုပေါ်ပြန်ရချက်(EPS)(ကျပ်) | | |
| **ကနဦးတန်ဖိုး ကျပ် ၁၀၀၀၀ တန် အစုတစ်စုလျှင်** | ၁,၆၈၁.၅၂ | |
| **ကနဦးတန်ဖိုး ကျပ် ၁၀၀၀ တန် အစုတစ်စုလျှင်** | | ၁၁၇.၂၃ |

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန်ရှိ မခွဲဝေရသေးသည့်အမြတ် လက်ကျန်

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့် (၃၁-၃-၂၀၂၃) နေ့တွင် မခွဲဝေရသေးသည့်အမြတ်လက်ကျန် (Retained Earning) မှာ **ကျပ် ၄၈၂၃.၃၉ သန်း** ရှိပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၂၀၁၇ ခုနှစ်၊ မတ်လ (၇) ရက်နေ့ ရက်စွဲပါ ညွှန်ကြားချက်အမှတ် (၅/၂၀၁၇)၊ အမြတ်ဝေစုခွဲဝေခြင်းညွှန်ကြားချက်တွင် အရင်း (သို့) အတိုးပေး ဆပ်ရန် ပျက်ကွက်နေသောချေးငွေ (Non Performing Loans) နှင့်စုစုပေါင်းချေးငွေ (Total Loan) အချိုး **(NPL Ratio)** သည် **၅%** အောက် ရှိရမည်ဖြစ်ပြီး အတိုး (သို့) အရင်းပေးဆပ်ရန် ပျက်ကွက်နေသောချေးငွေ<u>အချိုး **(NPL Ratio) ၅%** **ထက် ကျော်လွန်ပါက အမြတ်ဝေစုခွဲဝေခြင်းမပြုရန် ညွှန်ကြားထားပါသည်။**</u> ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် (၃၁-၃-၂၀၂၃) ရက်နေ့တွင် အတိုး (သို့) အရင်းပေးဆပ်ရန်ပျက်ကွက်နေသောချေးငွေအချိုး **(NPL Ratio)** မှာ **(၂၄.၂၈%)** ရှိသဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်ကို တိကျစွာလိုက်နာဆောင်ရွက်ရသည့်အတွက် အမြတ်များရရှိသော်လည်း အမြတ်ဝေစု ခွဲပေးနိုင်ခြင်းမရှိခဲ့ပါ။

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် အပ်ငွေများ အခြေအနေ

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၂) နေ့တွင် စုစုပေါင်းအပ်ငွေပမာဏမှာ ကျပ် ၁၄၆,၄၈၆.၅၃ သန်း ရှိ၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) နေ့တွင် ကျပ် ၁၂၇,၁၉၆.၅၉ သန်း ရှိသဖြင့် ကျပ် ၁၉,၂၈၉.၉၄ သန်း (၁၃.၁၇%) လျော့နည်းခဲ့ပါသည်။ ဘဏ်အပ်ငွေများအခြေအနေကို စာရင်းအမျိုးအစားအလိုက် ဇယား (၇) တွင် ဖော်ပြ ထားပါသည်။

ဇယား -၇-

စာရင်းအမျိုးအစားလိုက်ဘဏ်အပ်ငွေများ

(ကျပ်သန်း)

| စဉ် | အကြောင်းအရာ | ၂၀၂၁-၂၀၂၂ | ၂၀၂၂-၂၀၂၃ | ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁။ | စာရင်းရှင်အပ်ငွေ (Current Deposit) | ၂၂,၀၆၈.၀၆ | ၁၇,၆၄၁.၆၄ | -၂၀.၀၆ |
| ၂။ | ငွေစုဘဏ်အပ်ငွေ(Saving Deposit) | ၉၆,၄၅၁.၅၂ | ၈၁,၁၅၅.၉၅ | -၁၅.၈၆ |
| ၃။ | စာရင်းသေအပ်ငွေ(Fixed Deposit) | ၂၂,၀၈၁.၄၅ | ၁၄,၄၈၇.၇၈ | -၃၄.၃၉ |
| ၄။ | ခေါ်ယူအပ်နှံငွေ (Call Deposit) | ၅,၈၀၈.၈၈ | ၁၃,၈၈၅.၂၅ | ၃၉.၀၃ |
| ၅။ | Mobile Money | ၆.၆၂ | ၂၅.၉၇ | -၆၆.၁၀ |
| | စုစုပေါင်း | ၁၄၆,၄၈၆.၅၃ | ၁၂၇,၁၉၆.၅၉ | -၁၃.၁၇ |

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ချေးငွေလုပ်ငန်းအခြေအနေ

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၂) ရက်နေ့တွင် ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေ စုစုပေါင်းမှာ ကျပ် ၁၀၆,၉၈၀.၆၈ သန်း ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့တွင် ကျပ် ၉၆,၁၀၆.၉၃ သန်း ရှိ၍ (၁၀.၁၆%) လျော့နည်းသွားပါသည်။ ချေးငွေထုတ်ချေးထားသည့် အာမခံအမျိုးအစားအလိုက်၊ ချေးငွေပမာဏ နှင့်လူဦးရေကို ဇယား (၈) တွင်ဖော်ပြပါသည်။

ဇယား -၈-

အာမခံအမျိုးအစားအလိုက်ထုတ်ချေးငွေများ

| | အာမခံအမျိုးအစား | ၂၀၂၁-၂၀၂၂ နှစ် (၃၁-၃-၂၀၂၂) | | ၂၀၂၂-၂၀၂၃ နှစ် (၃၁-၃-၂၀၂၃) | |
|---|---|---|---|---|---|
| | | ဦးရေ | ကျပ်(သန်း) | ဦးရေ | ကျပ်(သန်း) |
| ၁။ | မြေနှင့်အဆောက်အဦ | ၈၆၀ | ၉၉,၆၇၃.၁၂ | ၇၇၇ | ၈၉,၅၅၂.၇၁ |
| ၂။ | စာရင်းသေအပ်ငွေ | ၁ | ၅.၀၀ | ၈ | ၁၆.၅၀ |
| ၃။ | Project (Cash flow) ပေါ်ချေးငွေ | ၅ | ၃၉၁.၅၀ | ၄ | ၂၇၀.၅၀ |
| ၄။ | SME ချေးငွေ | ၅၄ | ၆,၇၇၈.၈၇ | ၅၂ | ၆,၀၇၃.၅၀ |
| ၅။ | ရွှေနှင့်ကျောက်မျက်ရတနာ | - | - | ၁ | ၃၀.၀၀ |
| ၆။ | ဝန်ထမ်းချေးငွေ | ၃၆၃ | ၁၃၂.၁၉ | ၃၈၂ | ၁၆၃.၇၂ |
| | စုစုပေါင်း | ၁၂၈၃ | ၁၀၆,၉၈၀.၆၈ | ၁,၂၂၄ | ၉၆,၁၀၆.၉၃ |

၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် စီးပွားရေးကဏ္ဍအလိုက် ချေးငွေများ ကို ဇယား (၉) တွင် နှိုင်းယှဉ်ဖော်ပြထားပါသည်။

ဇယား -၉-

**စီးပွားရေးကဏ္ဍအလိုက် ထုတ်ချေးငွေများ**

**(ကျပ်သန်း)**

| | | ၂၀၂၁-၂၀၂၂နှစ်(၃၁-၃-၂၀၂၂) | ၂၀၂၂-၂၀၂၃နှစ်(၃၁-၃-၂၀၂၃) |
|---|---|---|---|
| ၁။ | စိုက်ပျိုးရေး/မွေးမြူရေး | ၁,၀၆၁.၀၁ | ၁,၀၅၁.၀၀ |
| ၂။ | ဆောက်လုပ်ရေး | ၂,၅၄၀.၀၀ | ၄,၇၈၈.၅၂ |
| ၃။ | ကုန်ထုတ်လုပ်မှု | ၁၅,၆၈၇.၃၆ | ၁,၄၄၂၈.၂၃ |
| ၄။ | ဝန်ဆောင်မှု | ၁၆,၇၄၂.၄၅ | ၁,၆၅၀၉.၈၀ |
| ၅။ | ကုန်သွယ်မှု | ၅၅,၃၉၈.၈၉ | ၄၅,၂၇၀.၃၀ |
| ၆။ | သယ်ယူပို့ဆောင်ရေး | ၈,၆၃၉.၉၀ | ၇,၈၂၁.၈၆ |
| ၇။ | SME ချေးငွေ | ၆,၇၇၈.၈၈ | ၆,၀၇၃.၅၀ |
| ၈။ | ဝန်ထမ်းချေးငွေ | ၁၃၂.၁၉ | ၁၆၃.၇၂ |
| | **စုစုပေါင်း** | **၁၀၆,၉၈၀.၆၈** | **၉၆,၁၀၆.၉၃** |

## ဘဏ်နှင့်ဆက်နွယ်သူများကို ထုတ်ချေးထားသည့်ချေးငွေများ

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့တွင် ဘဏ်နှင့်ဆက်နွယ်သူ (Related Party) များကို ထုတ် ချေးထားသည့် ချေးငွေများမှာ လူဦးရေ (၉) ဦး၊ ချေးငွေပမာဏမှာ **ကျပ် ၂,၈၀၁.၆၅ သန်း** ရှိပြီး စုစုပေါင်းချေးငွေ ပမာဏ၏ **(၂.၉၂%)** ဖြစ်ပါသည်။

## ချေးငွေကြွေးကျန်များနှင့် ကြွေးဆုံးလျာထားရန်ပုံငွေ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ညွှန်ကြားချက်အရ နှစ်စဉ် စုစုပေါင်းချေးငွေပမာဏ၏ (၂%) ကို ချေးငွေကြွေးဆုံးလျာထားရန်ပုံငွေအဖြစ် (၃၁-၃-၂၀၂၃) ရက်နေ့အထိ **ကျပ် ၂,၈၂၁.၅၆ သန်း** လျာထားခဲ့ပြီးဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး၊ စီးပွားရေး လုပ်ငန်းအခြေအနေအရ ချေးငွေကြွေးကျန်များမှာ ပိုမိုမြင့်တက်လာနေပြီး အချို့ချေးငွေများမှာ ဆုံးရှုံးနိုင်ခြေအလွန်မြင့်မားသည့် နေရာဒေသအခြေအနေတွင်ရှိနေသည့်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာအမှတ် (၁၇/၂၀၁၇) အရ လက်ရှိလျာထားသော (၂%) ကြွေးဆုံးရံပုံငွေ လျာထားခြင်းအပြင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှစပြီး နောက်ထပ် (၃) နှစ်အတွင်း (၂%) စီ ထပ်မံတိုးမြင့်ပြီး စုစုပေါင်း (၄%) ထိ လျာထားရန် ဒါရိုက်တာအဖွဲ့မှဆုံးဖြတ်ခဲ့သဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့အထိ **ကျပ် ၄၄၂၀.၆၆ သန်း** လျာထားခဲ့ပါသည်။ ၎င်းအပြင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထက်ပါ အမိန့်ကြော်ငြာစာအရ ဆုံးရှုံးနိုင်ခြေအလွန်မြင့်မားသည့် ဒေသများရှိ ငွေချေးသူ (၁၇) ဦး၏ ချေးငွေအတွက် (၂၀၂၂-၂၀၂၃) ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့တွင် ကျပ် ၁၀၅၉.၈၂ သန်း ကို သီးသန့်လျာထားပြီး စရိတ်အဖြစ်ကျခံခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာ ရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့ရှိ ကြွေးဆုံးလျာထားရန်ပုံငွေစုစုပေါင်းမှာ **ကျပ် ၅၄၈၀.၄၈ သန်း** ရှိပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့တွင် အရင်းအတိုးပေးဆပ်ရန်ပျက်ကွက်သည့် ချေးငွေနှင့် စာရင်းပိုထုတ်ချေးငွေ Non Performing Loans (NPL) များကို အောက်ပါဇယား (၁၀) တွင် ဖော်ပြထားပါသည်။

ဇယား -၁၀-

အရင်းအတိုးပေးဆပ်ရန်ပျက်ကွက်သည့် ချေးငွေစာရင်း (NPL)

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) နေ့

| စဉ် | လူဦးရေ | ကြွေးကျန်အမျိုးအစား | ချေးငွေပမာဏ (ကျပ်သန်း) | ရာခိုင်နှုန်း | ဆောင်ရွက်ထားမှုအခြေအနေ |
|---|---|---|---|---|---|
| ၁။ | ၁၂၂ဦး | ကြွေးဆုံး | ၂၁,၅၁၂.၅၇ | ၂၂.၃၈ % | ( ၂၅) ဦးမှာ တရားရုံးတွင် တရားစွဲဆိုထားပါသည်။ |
| ၂။ | ၁၉ဦး | Doubtful | ၁,၈၂၇.၀၆ | ၁.၉၀ % | ငွေချေးသူများနှင့် ချေးငွေပြန်လည် ပေးဆပ်ရန် ညှိနှိုင်းလျှက်ရှိပါသည်။ |
| ၃။ | စုစုပေါင်း ၁၄၁ဦး | | ၂၃,၃၃၉.၆၃ | ၂၄.၂၈% | |

## အရင်းအတိုးပေးဆပ်ရန်ပျက်ကွက်သည့် ချေးငွေ (NPL) များ မြင့်တက်လာခြင်း

ဖွင့်လှစ်ထားသည့် ပထမပုဂ္ဂလိကဘဏ်ခွဲများအနက် မကွေးတိုင်းတွင် ဘဏ်ခွဲ (၇) ခု၊ စစ်ကိုင်းတိုင်းတွင် ဘဏ်ခွဲ (၅) ခု ဖွင့်လှစ်ထားသည့်အတွက် ဖွင့်လှစ်ထားသည့် ဘဏ်ခွဲစုစုပေါင်း၏ (၃၃.၃၃%) ရှိပါသည်။ ယင်းဘဏ်ခွဲများတွင် ထုတ်ချေးထားသည့် ချေးငွေများမှာ လက်ရှိအခြေအနေအရ ဆက်သွယ်ရန် ခက်ခဲသောဒေသများဖြစ်၍ ဒါရိုက်တာများ၊ စီမံခန့်ခွဲမှုအဖွဲ့နှင့် ဝန်ထမ်းများမှ အတတ်နိုင်ဆုံး ကြိုးစားတောင်းခံနေသော်လည်း ချေးငွေအရင်းအတိုး ကောက်ခံရန် အခက်အခဲရှိနေသောကြောင့် အရင်းအတိုးပေးဆပ်ရန်ပျက်ကွက်သည့်ချေးငွေ (NPL) များ မြင့်တက်လျှက်ရှိပါသည်။

ဇယား-၁၁

(၃၁-၁၀-၂၀၂၃) ရက်နေ့ရှိ NPL ဖြစ်ပေါ်နေသည့်ဘဏ်ခွဲများမှ ချေးငွေကြွေးကျန်များစာရင်းကို အောက်ပါ ဇယား-၁၁ ဖြင့် တင်ပြပါသည်။

| စဉ် | ဘဏ်ခွဲ | မြို့နယ် | ဦးရေ | ပမာဏ(ကျပ်သန်း) | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁ | **ဂန့်ဂေါဘဏ်ခွဲ** | ဂန့်ဂေါမြို့ | ၂၄ | ၁,၅၁၇.၄၂ | |
| | | မွေ့လယ်ရွာ | ၁၂ | ၃၉၉.၆၇ | |
| | | မြောက်ခရမ်းရွာ | ၇ | ၁၆၀.၈၀ | |
| | | တောင်ခရမ်းရွာ | ၁ | ၇၀.၀၀ | |
| | | တောင်ယာပြင်ရွာ | ၁ | ၃၀.၀၀ | |
| | | ကန်ရွာ | ၁ | ၇၀.၀၀ | |

| | | | | | |
|---|---|---|---|---|---|
| | | ထီးလင်း | ၁ | ၆၀.၀၀ | |
| | | **ဂန့်ဂေါဘဏ်ခွဲစုစုပေါင်း** | **၄၇** | **၂,၃၀၇.၈၉** | **၁.၉၁** |
| ၂ | **ကမ္မဘဏ်ခွဲ** | ကမ္မမြို့ | ၂၄ | ၁,၀၀၁.၅၉ | |
| | | ကိုင်းတောမရွာ | ၅ | ၁၀၁.၉၂ | |
| | | ပေါက်မြို့ | ၃ | ၃၂၀.၀၀ | |
| | | မြစ်ခြေ | ၃ | ၁၀၀.၀၀ | |
| | | ရေပြာရွာ | ၁ | ၅၀.၀၀ | |
| | | ဆောမြို့ | ၁ | ၂၅.၀၀ | |
| | | ကျောက်ထုမြို့ | ၁ | ၃၀.၀၀ | |
| | | **ကမ္မဘဏ်ခွဲစုစုပေါင်း** | **၃၈** | **၁,၆၂၈.၅၁** | **၁.၃၅** |
| ၃ | **မြိုင်ဘဏ်ခွဲ** | **စုစုပေါင်း** | **၁၀** | **၂၃၂.၀၀** | ၀.၁၉ |
| ၄ | **ကလေးဘဏ်ခွဲ** | **စုစုပေါင်း** | **၄** | **၄၁၀.၀၀** | ၀.၃၄ |
| ၅ | **မုံရွာဘဏ်ခွဲ** | **စုစုပေါင်း** | **၉** | **၂,၂၃၉.၄၉** | **၁.၈၅** |
| ၆ | **ပခုက္ကူဘဏ်ခွဲ** | ပခုက္ကူမြို့ | ၁၆ | ၁,၆၄၀.၀၀ | |
| | | မြစ်ခြေမြို့ | ၁ | ၂၅.၀၀ | |
| | | **စုစုပေါင်း** | **၁၇** | **၁,၆၆၅.၀၀** | **၁.၃၅** |
| ၇ | **မကွေးဘဏ်ခွဲ** | မကွေးမြို့ | ၇ | ၂,၄၁၀.၆၀ | |
| | | မင်းဘူးမြို့ | ၃ | ၂,၀၂၀.၀၀ | |
| | | အောင်လံမြို့ | ၁ | ၄၅၀.၀၀ | |
| | | **စုစုပေါင်း** | **၁၁** | **၄,၄၇၅.၆၀** | **၃.၇၀** |
| ၈ | **တောင်ကြီးဘဏ်ခွဲ** | **စုစုပေါင်း** | **၅** | **၁၈၃၀.၀၀** | **၁.၅၁** |
| ၉ | **အောင်ပန်းဘဏ်ခွဲ** | **စုစုပေါင်း** | **၁** | **၁၈၀.၀၀** | **၀.၁၅** |

| | | | | | |
|---|---|---|---|---|---|
| ၁၀ | မင်းလှဘဏ်ခွဲ | စုစုပေါင်း | ၁ | ၃၄.၀၀ | ၀.၀၃ |
| ၁၁ | ပုသိမ်ဘဏ်ခွဲ | စုစုပေါင်း | ၂ | ၅၂၅.၀၀ | ၀.၄၃ |
| ၁၂ | မော်လမြိုင်ဘဏ်ခွဲ | စုစုပေါင်း | ၂ | ၂၇၀.၀၀ | ၀.၂၂ |
| ၁၃ | မြိတ်ဘဏ်ခွဲ | စုစုပေါင်း | ၂ | ၁,၂၇၉.၄၈ | ၁.၀၆ |
| ၁၄ | ကျောက်ပန်းတောင်းဘဏ်ခွဲ | စုစုပေါင်း | ၈ | ၂,၃၁၅.၀၀ | ၁.၉၁ |
| ၁၅ | မန္တလေးဘဏ်ခွဲ | စုစုပေါင်း | ၁ | ၂,၅၀၀.၀၀ | ၂.၀၇ |
| ၁၆ | ပြည်ဘဏ်ခွဲ | စုစုပေါင်း | ၂ | ၄၂၀.၀၀ | ၀.၃၅ |
| ၁၇ | ရန်ကုန်ဘဏ်ခွဲ | စုစုပေါင်း | ၅ | ၂,၂၆၀.၀၀ | ၁.၈၇ |
| | စုစုပေါင်း | | ၁၆၅ | ၂၄,၅၇၁.၉၇ | ၂၀.၃၀ |

## နိုင်ငံတကာဘဏ်လုပ်ငန်း (International Banking)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၂၄-၁၀-၂၀၁၁) ရက်စွဲဖြင့် နိုင်ငံခြားငွေများဝယ်ယူ၊ ရောင်းချ၊ လဲလှယ်ပေးခွင့် လိုင်စင် (Money Changer License) ကို ရရှိခဲ့ပြီး နိုင်ငံခြားငွေ လဲလှယ်ရောင်းချရေးကောင်တာများကို ရန်ကုန် ရုံးချုပ်နှင့် ဘဏ်ခွဲ (၂၂) ခုတွင် ဖွင့်လှစ်ခဲ့ပါသည်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုင်ငံခြားငွေများ ရောင်းဝယ် ဖောက်ကားသည့် လိုင်စင် (Authorized Dealer License) ကို ခွင့်ပြုချက်ရရှိပြီး ရန်ကုန်ရုံးချုပ်တွင် (၂-၁၀-၂၀၁၂) နေ့ မှစ၍ နိုင်ငံတကာဘဏ်လုပ်ငန်းကို ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

ပထမပုဂ္ဂလိကဘဏ်နှင့် အမေရိကန်နိုင်ငံအခြေစိုက် Western Union Money Transfer Service တို့ ချိတ်ဆက်၍ ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံသို့ တိုက်ရိုက်ငွေလွှဲလုပ်ငန်း (Inbound Service) ကို ဆောင်ရွက်ပေးလျှက် ရှိပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့တွင် နိုင်ငံတကာဘဏ်လုပ်ငန်းမှ ရရှိသည့်ဝင်ငွေများ မှာ Western Union နိုင်ငံခြားငွေလွှဲလုပ်ငန်းမှ **ကျပ် ၂၅.၄၄ သန်း**နှင့် နိုင်ငံခြားငွေလဲလှယ်ရေးလုပ်ငန်းမှ **ကျပ် ၂,၇၉၉.၆၅ သန်း**၊ နိုင်ငံတကာဘဏ်ဝန်ဆောင်မှုလုပ်ငန်းမှ **ကျပ် ၂၄၅.၂၈ သန်း**၊ စုစုပေါင်းဝင်ငွေ **ကျပ် ၃,၀၇၀.၃၇ သန်း** ရရှိခဲ့ပါသည်။

## နိုင်ငံတော်သို့ ဝင်ငွေခွန်များပေးဆောင်ခြင်း

ပထမပုဂ္ဂလိကဘဏ်သည် နိုင်ငံတော်သို့ နှစ်စဉ် ဝင်ငွေခွန်များကို တိတိကျကျမှန်မှန်ကန်ကန် ပေးဆောင် ခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် ဝင်ငွေခွန်မနုတ်မီ အသားတင်အမြတ်မှာ ကျပ် **၄,၀၉၅.၃၅** သန်း ရရှိခဲ့ပြီး ဝင်ငွေခွန် ကျပ် **၆၁၇.၈၈** သန်း ထမ်းဆောင်ခဲ့ပါသည်။ ၁၉၉၂-၁၉၉၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ နိုင်ငံတော်သို့ ထမ်းဆောင်ခဲ့သည့် ဝင်ငွေခွန်စုစုပေါင်းမှာ ကျပ် **၂၄,၃၇၃.၄၃** သန်း ဖြစ်ပါသည်။

## အစိုးရငွေတိုက်စာချုပ်များ ဝယ်ယူရင်းနှီးမြှုပ်နှံခြင်း

ဘဏ်အပ်ငွေအတိုးစရိတ်များ အထိုက်အလျောက်ကာမိစေရန်နှင့် အတိုးဝင်ငွေများရရှိစေရန်အတွက် ဘဏ်မှ အစိုးရငွေတိုက်စာချုပ်များကို ဝယ်ယူရင်းနှီးထားပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ဘဏ်မှ ဝယ်ယူထား

သည့် အစိုးရငွေတိုက်စာချုပ်စုစုပေါင်းငွေပမာဏမှာ **ကျပ် ၃၆,၀၀၀ သန်း** ဖြစ်ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် အစိုးရငွေတိုက်စာချုပ်မှရရှိသော အတိုးဝင်ငွေမှာ **ကျပ် ၃,၃၇၂.၉၀** သန်း ဖြစ်ပါသည်။

## မြန်မာပေးမန့်ယူနီယံ (MPU) ရှယ်ယာဝယ်ယူခြင်း

ပထမပုဂ္ဂလိကဘဏ် ဒါရိုက်တာအဖွဲ့၏ (၆/၂၀၁၅) အစည်းအဝေးမှ ဘဏ်ငွေပေးချေမှုစနစ်ကို အဆင့်မြှင့်တင်နိုင်ရန်နှင့် ဝန်ဆောင်မှုပေးနိုင်ရန်အတွက် (၂၃-၉-၂၀၁၅) ရက်နေ့တွင် မြန်မာပေးမန့်ယူနီယံ **(MPU)** အစုရှယ်ယာတစ်စုလျှင် ကျပ် ၁၀,၀၀၀ ဖြင့် အစုရှယ်ယာ (၂၀,၀၀၀) စု၊ တန်ဖိုးငွေ **ကျပ် ၂၀၀ သန်း** ဖိုးဝယ်ယူခဲ့ပါသည်။

## ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့ထိ ဘဏ်မှဝယ်ယူထားသည့် ဘဏ်ပိုင်မြေနှင့်အဆောက် အဦးမှာ (၄၆) ခု ရှိပါသည်။ ဘဏ်ပိုင်မြေနှင့်အဆောက်အဦများ ဝယ်ယူထားသည့် မူလတန်ဖိုးနှင့်အဆောက်အဦများ ဆောက်လုပ်ပြုပြင် မွမ်းမံစရိတ်အပါအဝင် စုစုပေါင်းတန်ဖိုးမှာ **ကျပ် ၁၅,၄၇၅.၁၅ သန်း** ရှိပါသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ဘဏ်ရာဖြတ်များမှ ဘဏ်ပိုင်မြေနှင့်အဆောက်အဦတို့ကို ပြန်လည်တန်ဖိုးသတ်မှတ်ရာတွင် စုစုပေါင်း တန်ဖိုးမှာ **ကျပ်-၂၉,၂၇၇.၉၃ သန်း** ရှိသည့်အတွက် မူလဝယ်ယူထားသည့် တန်ဖိုးထက် **ကျပ် ၁၃,၈၀၂.၇၈ သန်း** ပိုကြောင်း တင်ပြအပ်ပါသည်။

## ဘဏ်ပိုင်မြေနှင့်အဆောက်အဦ ရောင်းချခြင်း

ဘဏ်ပိုင်မြေနှင့်အဆောက်အဦများအနက် ဘဏ်လုပ်ငန်းအတွက်အသုံးမပြုသည့် မြေနှင့် အဆောက်အဦများပြန်လည်ရောင်းချရေးကော်မတီကို ဥက္ကဋ္ဌအဖြစ် ဦးမြင့်လွင် (ဒါရိုက်တာ) နှင့် ကျန်ဒါရိုက်တာများအားလုံးဖြင့် ဖွဲ့စည်းခဲ့ပြီး ဘဏ်အတွက်အသုံးမလိုသည့်အပြင် ဝယ်ယူထားသည့်ဈေးထက် များစွာပိုမိုရရှိသည့်အတွက် ဘဏ်ပိုင်အဆောက်အဦများကို ရောင်းချခဲ့ပါသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့နယ်၊ ၃/ဘုရင့်နောင်ရပ်ကွက်၊ အကွက် အမှတ် (၂၄ ဘုရင့်နောင်)၊ ရွှေနန်းတော်ဆင်းလမ်း၊ မြေကွက်အမှတ်-၃၀၀ မြေဧရိယာ (၀.၀၃၈) ဧကရှိ နှစ် (၃၀) ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို (၁၇-၁၀-၂၀၂၃ )နေ့က ကျပ် ၄၀၀,၀၀၀,၀၀၀ (ကျပ်သိန်း လေးထောင်တိတိ)ဖြင့် ရောင်းချခဲ့ပါသည်။

## ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် အရောင်းအဝယ်ပြုလုပ်သည့်အခြေအနေ

ပထမပုဂ္ဂလိကဘဏ်လီမိတက်သည် ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် စာရင်းဝင်ကုမ္ပဏီအဖြစ် ဝင်ရောက်ခဲ့ပြီး (၂၀-၁-၂၀၁၇) ရက်နေ့မှစ၍ ပထမပုဂ္ဂလိကဘဏ် အစုရှယ်ယာများကို စတော့ဈေးကွက်တွင် အရောင်းအဝယ်ပြုလုပ် ခဲ့ပါသည်။ ရန်ကုန်စတော့အိပ်ချိန်း (YSX) တွင် နေ့စဉ်ရောင်းလိုအား၊ ဝယ်လိုအားပေါ်မူတည်၍ အစုရှယ်ယာဈေးနှုန်းများမှာ နေ့စဉ်အပြောင်းအလဲရှိပါသည်။ (၃၀-၉-၂၀၂၃) ရက်နေ့တွင် ပထမပုဂ္ဂလိကဘဏ်၏ အစုရှယ်ယာတစ်စုလျှင် ကျပ် ၁,၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပါသည်။ ရန်ကုန်စတော့အိပ်ချိန်းတွင် ဘဏ်အစုရှယ်ယာများစတင်အရောင်းအဝယ်ပြုလုပ်ခဲ့သည့် (၂၀-၁-၂၀၁၇) ရက်နေ့မှ (၃၀-၉-၂၀၂၃) ရက်နေ့အထိ အရောင်းအဝယ်ဖြစ်သည့်ပမာဏ (Trade Volume) မှာ အစုရှယ်ယာ ၆,၈၇၂,၉၆၈ စု ရှိပြီး ငွေပမာဏ ကျပ် ၁၃,၉၇၈.၅၇ သန်း ဖြစ်ပါသည်။

# Digital Banking လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေ

## Integrated Core Banking System

ဒါရိုက်တာအဖွဲ့မှ ဘဏ်လုပ်ငန်းစနစ်အား ခေတ်မီနည်းပညာသုံး iCBS (Integrated Core Banking System) သို့ပြောင်းလဲနိုင်ရန် အစဉ်တစိုက်ကြိုးပမ်းဆောင်ရွက်လျှက်ရှိရာ ဒါရိုက်တာအဖွဲ့၏ (၁၀/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးမှ Myanmar Information Technology (MIT) Company ၏ iCBS Core Banking စနစ်ကို အသုံးပြုရန် ဆုံးဖြတ်ခဲ့ကြပါသည်။ Myanmar Information Technology (MIT) Company ၏ iCBS Core Banking စနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် သဘောတူစာချုပ်ကို (၁၂-၁၁-၂၀၂၁) ရက်နေ့တွင် လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပါသည်။ Project kickoff ကို (၃၀-၁၁-၂၀၂၁) ရက်နေ့တွင် စတင်ခဲ့ပြီး Requirement Gathering ကို (၆-၁၂-၂၀၂၁) ရက်နေ့တွင် စတင်လုပ်ဆောင်ခဲ့ပါသည်။ iCBS Core Banking စနစ် အသုံးပြုပုံသင်တန်း Training to Trainer ကို (၁၈-၄-၂၀၂၂) ရက်နေ့တွင်ပြုလုပ်ခဲ့ပြီး ဝန်ထမ်းများအားလုံးအား iCBS Core Banking စနစ်သစ် ကျွမ်းကျင်စွာ အသုံးပြုနိုင်ရန်အတွက် (၂-၅-၂၀၂၃) နေ့ရက်အထိ ဝန်ထမ်းစုစုပေါင်း (၄၃၅) ဦးကို သင်တန်းပေးခဲ့ပါသည်။

ရုံးချုပ်နှင့် ရန်ကုန်ဘဏ်ခွဲ (၅) ဘဏ် ဖြစ်သော ဘုရင့်နောင်၊ သိမ်ကြီးဈေး၊ လသာ၊ အလုံ၊ သီရိရတနာ ဘဏ်ခွဲတို့အား (၂၅-၁၀-၂၀၂၂) ရက်နေ့တွင် လည်းကောင်း၊ မန္တလေး (၂)၊ မန္တလေး (၂၂)၊ နေပြည်တော်၊ ပြည်ဘဏ်ခွဲများအား (၁၆-၁-၂၀၂၃) ရက်နေ့တွင်လည်းကောင်း၊ မုံရွာ (၃)၊ မုံရွာ (၂၅)၊ ကျောက်ပန်းတောင်း ဘဏ်ခွဲများအား (၂၃-၁-၂၀၂၃) ရက်နေ့တွင်လည်းကောင်း၊ ဟသ်ာတ၊ ပခုက္ကူ၊ မကွေး၊ မော်လမြိုင်၊ ဘားအံ၊ မင်းလှ၊ ပုသိမ်၊ မအူပင်ဘဏ်ခွဲများအား (၆-၃-၂၀၂၃) ရက်နေ့တွင်လည်းကောင်း ထားဝယ်၊ မြိတ်၊ ကော့သောင်း ၊အောင်ပန်း ၊တောင်ကြီး ၊မြစ်ကြီးနားဘဏ်ခွဲများအား (၁၃-၃-၂၀၂၃) ရက်နေ့တွင်လည်း ကောင်း၊ လွိုင်ကော်၊ ဘုတလင်၊ မြဝတီ၊ မြိုင်ဘဏ်ခွဲများအား (၂၄-၄-၂၀၂၃) ရက်နေ့တွင်လည်းကောင်း၊ ကလေး၊ ဂန့်ဂေါ၊ ကမ္မ၊ တီးတိန်၊ ရွှေဘိုဘဏ်ခွဲများအား (၂-၅-၂၀၂၃) ရက်နေ့တွင်လည်း ကောင်း၊ အောင်မြင်စွာ **Go Live** ဆောင်ရွက်ခဲ့ပြီး ၏ဖြစ်ပါသည်။

## Internet Banking/Mobile Banking

ပထမပုဂ္ဂလိကဘဏ်၏ ဘဏ်လုပ်ငန်းစနစ်အား နည်းပညာများအဆင့်မြင့်တင်ဆောင်ရွက်လျှက်ရှိရာ iCBS Core Banking စနစ်အား ဘဏ်ခွဲများအားလုံးတွင် (၂-၅-၂၀၂၃) ရက်နေ့မှစ၍ Centralized System ဖြင့် စတင်အသုံးပြု၍ ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

iCBS Core Banking စနစ်နှင့် ဆက်စပ်ဝန်ဆောင်မှုပေးသည့် Internet Banking/Mobile Banking အကောင်အထည်ဖေါ်ရေးလုပ်ငန်းများကို ပထမပုဂ္ဂလိကဘဏ်လီမိတက်နှင့် ACE Data Systems Limited တို့ လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရေး သဘောတူစာချုပ်ချုပ်ဆိုပြီး ဒါရိုက်တာအဖွဲ့၏လမ်းညွှန်ချက်ဖြင့် ၂၀၂၄ ခုနှစ်၊ မတ်လ နောက်ဆုံးပြီးစီးရန် ရည်မှန်းချက်ထားရှိပြီး အကောင်အထည်ဖေါ်ဆောင်ရွက်လျှက်ရှိပါသည်။

ပထမပုဂ္ဂလိကဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက် နေသည့် နည်းပညာပိုင်းဆိုင်ရာ စီမံကိန်းများအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၇၈,၅၂၅ (မြန်မာကျပ် ၁,၀၈၃.၃၇ သန်း) ကျခံသုံးစွဲလျက်ရှိပါကြောင်း ဇယား-၁၂ ဖြင့် တင်ပြပါသည်။

## ဇယား-၁၂
## ဘဏ်မှ အကောင်အထည်ဖော်ဆောင်ရွက်လျှက်ရှိသည့် နည်းပညာဆိုင်ရာကုန်ကျစရိတ်များ

| စဉ် | အကြောင်းအရာ | ကျသင့်တန်ဘိုး(USD) | ကျသင့်တန်ဘိုး(ကျပ်)<br>(Kyats in Million) |
|---|---|---|---|
| ၁။ | Integrated Core Banking System | $ 289,275 | 627.55 |
| ၂။ | FI Gateway | $ 31,500 | 66.15 |
| ၃။ | MIS Project | $ 36,750 | 77.17 |
| ၄။ | Digital Channel Project And API | $21,000 +(300 mill)MMK | 377.10 |
| ၅။ | Website Project | | 3.36 |
| ၆။ | Purchase Computer for iCBS Project | | 832.04 |
| | **Total Amount** | **$ 378,525** | **1,983.37** |

## ဘဏ်ဒါရိုက်တာအဖွဲ့ (Board of Directors)

၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ (၁၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၃၁) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အလှည့်ကျနှုတ်ထွက်သည့် ဒါရိုက်တာ (၃) ဦးနေရာကို ပြန်လည်အရွေးခံရသည့် ဒါရိုက်တာအဟောင်း (၂) ဦးမှာ (၁) ဦးမြင့်လွင်နှင့် (၂) ဦးထင်အောင်ကျော်ဦးတို့ဖြစ်ကြပြီး အရွေးခံခဲ့သည့် ဒါရိုက်တာအသစ် (၁)ဦးမှာ ဦးကျော်တင် ဖြစ်ပါသည်။

(၁၈-၁၂-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁/၂၀၂၃) ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှ ဒါရိုက်တာအဖွဲ့ကို (၁) ဒေါက်တာတင်ဝင်း၊ (၂) ဒေါ်လှလှဝင်း၊ (၃) ဦးမြင့်လွင်၊ (၄) ဦးမျိုးထွန်း၊ (၅) ဒေါ်လှလှရီ၊ (၆) ဦးသိန်းလွင်၊ (၇) ဦးထင်အောင်ကျော်ဦး၊ (၈) ဦးလဆန်၊ (၉) ဦးသိန်းမြင့်၊ (၁၀) ဦးကျော်တင်၊ (၁၁) ဦးသက်ဆွေ (သီးခြား လွတ်လပ်သောဒါရိုက်တာ)၊ (၁၂) ဒေါက်တာလဲ့လဲ့ဝင်း (သီးခြားလွတ်လပ်သောဒါရိုက်တာ)၊ (၁၃) ဦးမြင့်ဇော် (အမှု ဆောင်အရာရှိချုပ်) တို့ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့ပါသည်။

၂၀၂၂ခုနှစ်၊ ဇန်နဝါရီလမှ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလအထိ ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည့် ဒါရိုက်တာအဖွဲ့ဝင် ဒေါက်တာတင်ဝင်းသည် (၃၀-၅-၂၀၂၃) နေ့တွင် ကွယ်လွန်သွားသည့်အတွက် ဒါရိုက်တာအဖွဲ့မှ ဝမ်းနည်းကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## ဒါရိုက်တာအဖွဲ့ဥက္ကဋ္ဌ

(၁၈-၁၂-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁/၂၀၂၃) ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေးမှ ပထမပုဂ္ဂလိကဘဏ်၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၈၂) နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ညွှန်ကြားချက် (၉/၂၀၁၉) အရ ဒါရိုက်တာအဖွဲ့ဝင်များ၏ မဲအများစုဖြင့် ဥက္ကဋ္ဌတစ်ဦးကို ဒါရိုက်တာများက ရွေးချယ်ခန့်ထားရမည်ဖြစ်၍ လျှို့ဝှက်ဆန္ဒမဲစနစ်ဖြင့် ဥက္ကဋ္ဌအဖြစ် ဦးကျော်တင်အား ရွေးချယ်ခန့်ထားခဲ့ကြပါသည်။

**အမှုဆောင်ဒါရိုက်တာ**

(၁၈-၁၂-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁/၂၀၂၃) ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှ ပထမ ပုဂ္ဂလိကဘဏ်၏ သင်းဖွဲ့စည်းမျဉ်းအပိုဒ် (၉၇) အရ အမှုဆောင်ဒါရိုက်တာအဖြစ် ရွေးချယ်ခန့်ထားရန်အတွက် ဒါရိုက်တာများက လျှို့ဝှက်ဆန္ဒမဲဖြင့် ဒေါ်လှလှဝင်းအား အမှုဆောင်ဒါရိုက်တာအဖြစ် ရွေးချယ်ခန့်ထားခဲ့ကြပါသည်။

(၂၄-၆-၂၀၂၃) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၆/၂၀၂၃) ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ လုပ်ငန်းလိုအပ်ချက်အရ ဦးသိန်းလွင်အား အမှုဆောင်ဒါရိုက်တာအဖြစ် ထပ်မံရွေးချယ်ခန့်ထားခဲ့ပါသည်။ ရွေးချယ်တင်မြှောက်ထားသည့် ဒါရိုက်တာများထဲမှ အမှုဆောင်ဒါရိုက်တာ (၂) ဦးအထိ တိုးချဲ့ခန့်ထားရခြင်းမှာ လက်ရှိ ဘဏ်၏အပြုပြင်ပြောင်းလဲ မှုလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်ရန်အတွက် စီမံခန့်ခွဲမှုအဖွဲ့နှင့် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရန်၊ ကြီးကြပ်လမ်းညွှန် ဦးဆောင်မှုပေးနိုင်ရန်နှင့် လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးပေးနိုင်ရန် ရည်ရွယ် ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံခန့်ခွဲမှုအဖွဲ့၏ နေ့စဉ်လုပ်ငန်းဆောင်တာများကို လွတ်လပ်စွာဆောင်ရွက်ဆုံးဖြတ်နိုင်မှုကို အဟန့်အတားမဖြစ်စေရန် ဂရုပြုဆောင်ရွက်လျက်ရှိပါသည်။

**ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူးနှင့်တွဲဘက်အတွင်းရေးမှူး**

(၁၈-၁၂-၂၀၂၂) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် (၁/၂၀၂၃) ဒါရိုက်တာအဖွဲ့အထူးအစည်းအဝေးမှ ဒါရိုက်တာ အဖွဲ့အတွင်းရေးမှူးအဖြစ် ဒေါ်မိမိနိုင် (ဘဏ္ဍာရေးအရာရှိချုပ်) နှင့် တွဲဘက်အတွင်းရေးမှူးအဖြစ် ဦးမျိုးမင်းချို (လုပ်ငန်းပိုင်းဆိုင်ရာအရာရှိချုပ်) တို့အား တာဝန်ပေးအပ်ခဲ့ကြပါသည်။

**ဒါရိုက်တာအဖွဲ့အကြံပေးများခန့်ထားခြင်း(BOD Advisory)**

(၁၈-၁၂-၂၀၂၂) နေ့တွင် ကျင်းပပြုလုပ်သည့် (၁/၂၀၂၃) ကြိမ်မြောက် ဒါရိုက်တာအဖွဲ့အထူးအစည်းဝေးမှ ဒါရိုက်တာအဖွဲ့ကို လိုအပ်သည့် အကြံဉာဏ်များပေးနိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့အကြံပေး (Board Advisory) များအဖြစ် (၁)ဦးနေလင်းဦး (၂) ဒေါက်တာသာထွန်းဦး တို့ကို-ခန့်အပ်ခဲ့ပါသည်။

**ဒါရိုက်တာအဖွဲ့ဝင်များ၏အစုရှယ်ယာပိုင်ဆိုင်မှု**

ဒါရိုက်တာအဖွဲ့ဝင်များ တစ်ဦးချင်းပိုင်ဆိုင်သည့် အစုရှယ်ယာအရေအတွက်နှင့်ဒါရိုက်တာအဖွဲ့သည် မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ (၉/၂၀၁၉) ညွှန်ကြားချက်နှင့် အညီ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ မှ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလကုန်ထိ ဒါရိုက်တာအဖွဲ့ အထူးအစည်းအဝေး (၂) ကြိမ်၊ ပုံမှန်လစဉ် ဒါရိုက်တာအဖွဲ့အစည်းအဝေး (၁၁) ကြိမ်၊ စုစုပေါင်း (၁၃) ကြိမ် ကျင်းပခဲ့ပြီး ဒါရိုက်တာအဖွဲ့အစည်းအဝေး သို့ ဒါရိုက်တာတစ်ဦးချင်းစီမှ တက်ရောက်ခဲ့သည့် အကြိမ်တို့ကို အောက်ပါဇယား (၁၃) တွင်ဖော်ပြထားပါသည်။

**ဇယား -၁၃-**

**ဒါရိုက်တာအဖွဲ့ဝင်များ၏**

**အစုရှယ်ယာပိုင်ဆိုင်မှုစာရင်းနှင့်အစည်းအဝေးတက်ရောက်သည့်အကြိမ်အရေအတွက်**

| | အမည် | ရှယ်ယာအရေအတွက် | အစည်းအဝေးတက်ရောက်သည့်အကြိမ် |
|---|---|---|---|
| ၁။ | ဦးကျော်တင် | ၁၁,၂၀၀ | (၁၃) ကြိမ် |
| ၂။ | ဒေါ်လှလှဝင်း | ၈၇,၁၂၀ | (၁၃) ကြိမ် |
| ၃။ | ဦးသိန်းလွင် | ၁၁,၂၀၀ | (၁၃) ကြိမ် |
| ၄။ | ဦးမြင့်လွင် | ၁၅၀,၀၇၂ | (၈) ကြိမ် |

| | | | |
|---|---|---|---|
| ၆။ | ဦးမျိုးထွန်း | ၁၆၇,၀၄၀ | (၁၂) ကြိမ် |
| ၇။ | ဒေါ်လှလှရီ | ၆၄,၆၆၈ | (၁၃) ကြိမ် |
| ၈။ | ဦးထင်အောင်ကျော်ဦး | ၆၆,၀၀၀ | (၁၃) ကြိမ် |
| ၉။ | ဦးသိန်းမြင့် | ၁၂,၀၀၀ | (၁၀) ကြိမ် |
| ၁၀။ | ဦးလဆန် | ၆၀,၀၀၀ | (၁၃) ကြိမ် |
| ၁၁။ | ဦးသက်ဆွေ (Independent Director) | ၁၂၀၀ | (၁၃) ကြိမ် |
| ၁၂။ | ဒေါက်တာလဲ့လဲ့ဝင်း(Independent Director) | ၁၄၁၉ | (၁၂) ကြိမ် |
| ၁၃။ | ဦးမြင့်ဇော်(CEO) | ၁၉,၂၁၂ | (၇) ကြိမ်(၁-၇-၂၀၂၃နေ့ အနားယူ) |
| | **စုစုပေါင်း** | **၆၅၁,၁၃၁** | |

(၃၁-၁၀-၂၀၂၃) ရက်နေ့ရှိ ဒါရိုက်တာအဖွဲ့ဝင်များပိုင်ဆိုင်သည့် စုစုပေါင်းအစုရှယ်ယာအရေအတွက်မှာ ၆၅၁,၁၃၁ စု ဖြစ်ပြီး စုစုပေါင်းအစုရှယ်ယာ၏ (၂.၂၀%) ဖြစ်ပါသည်။

## ကော်မတီများဖွဲ့စည်းထားရှိခြင်း

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းဥပဒေနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များနှင့်အညီ ဒါရိုက်တာအဖွဲ့၏ (၁၈-၁၂-၂၀၂၂) ရက်နေ့တွင်ပြုလုပ်သည့် (၁/၂၀၂၃) ကြိမ်မြောက် အထူးအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဒါရိုက်တာအဖွဲ့ဝင်များနှင့် အကြီးတန်းစီမံခန့်ခွဲသူ အရာထမ်းများပါဝင်သော အောက်ပါကော်မတီများကို ဖွဲ့စည်း၍ ဘဏ်လုပ်ငန်းအဝဝကို ကြီးကြပ်ကွပ်ကဲလျှက်ရှိပါသည်။

### (၁) ဒါရိုက်တာအဖွဲ့ချေးငွေကော်မတီ (Credit Committee)

ဒါရိုက်တာအဖွဲ့ဝင်များအားလုံး ပါဝင်သော ချေးငွေကော်မတီကို ဖွဲ့စည်းပါသည်။ ချေးငွေကော်မတီ၏ စည်းမျဉ်း သတ်မှတ်ချက်အရ ချေးငွေကော်မတီအစည်းဝေးကို အနည်းဆုံး ဒါရိုက်တာ (၅) ဦး တက်ရောက်ရမည် ဖြစ်ပြီး ချေးငွေပမာဏ ကျပ် သိန်း (၅၀) ထက် ကျော်လွန်ပါက အနီးဆုံးဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ တင်ပြ အတည်ပြုချက် ရယူပါသည်။ ဒါရိုက်တာအဖွဲ့ ချေးငွေကော်မတီအစည်းအဝေးကို (၂၃) ကြိမ် ကျင်းပခဲ့ပါသည်။

### (၂) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ (Risk Management Committee)

(၁) ဦးသိန်းလွင် (အမှုဆောင်ဒါရိုက်တာ)

(၂) ဦးသက်ဆွေ (Independent Director)

(၃) ဒေါက်တာလဲ့လဲ့ဝင်း (Independent Director)

တို့ဖြင့်ဖွဲ့စည်းထားပြီးကော်မတီအစည်းအဝေးကို လိုအပ်သလို ခေါ်ယူကျင်းပလျှက်ရှိပြီး စီမံခန့်ခွဲမှုအဖွဲ့အား Risk Awareness Training ပေးခြင်း၊Risk Management Framewok ရေးဆွဲအတည်ပြုခြင်း၊ Risk Register များပြုစု၍ Risk Management ကိုစောင့်ကြည့် ကြီးကြပ် အကောင်အထည်ဖေါ်ဆောင်ရွက်လျက်ရှိပါသည်။

### (၃) ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များဆိုင်ရာကော်မတီ (Asset and Liability Committee)

(၁) ဦးသိန်းလွင် (အမှုဆောင်ဒါရိုက်တာ)

(၂) ဒေါ်လှလှဝင်း (အမှုဆောင်ဒါရိုက်တာ)

(၃) ဦးထင်အောင်ကျော်ဦး (ဒါရိုက်တာ)

(၄) ဒေါက်တာလဲ့လဲ့ဝင်း (Independent Director)

(၅) ဦးမျိုးမင်းချို (ဒုတိယအမှုဆောင်အရာရှိချုပ်)

ကော်မတီ၏အဓိကတာဝန်များမှာ ငွေဖြစ်လွယ်မှုအချိုး၊ ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်အချိုးများ ကိုက်ညီရန် ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန်ဖြစ်ပါသည်။ Fund Management and Assets and Liabilities Management ကို ပိုမိုပီပြင်စွာဆောင်ရွက်နိုင်စေရေးအတွက် နေ့စဉ်စောင့်ကြည့်ရမည့် Measurement Indicator များပါဝင်သော Fund Management and Assets and Liabilities Management Report ကို စီမံခန့်ခွဲမှုအဖွဲ့မှ နေ့စဉ်ပြုစုစောင့်ကြည့်၍အကောင်အထည်ဖေါ်ဆောင်ရွက်လျက်ရှိပါသည်။

**(၄) လုပ်ခလစာဆိုင်ရာကော်မတီ (Remuneration Committee)**

(၁) ဦးမြင့်လွင် (ဒါရိုက်တာ)
(၂) ဦးမျိုးထွန်း (ဒါရိုက်တာ)
(၃) ဒေါ်လှလှရီ (ဒါရိုက်တာ)
(၅) ဦးသက်ဆွေ (Independent Director)
(၆) ဒေါက်တာလွဲလွဲဝင်း (Independent Director) တို့ဖြင့် ဖွဲ့စည်းထားပါသည်။

**(၅) နည်းပညာဆိုင်ရာဦးဆောင်မှုကော်မတီ (IT Steering Committee)**

(၁) ဦးသိန်းလွင် (အမှုဆောင်ဒါရိုက်တာ)
(၂) ဦးကျော်တင် (ဥက္ကဋ္ဌ)
(၃) ဒေါ်လှလှဝင်း (အမှုဆောင်ဒါရိုက်တာ)
(၄) ဦးသိန်းမြင့် (ဒါရိုက်တာ)
(၄) ဦးထင်အောင်ကျော်ဦး((ဒါရိုက်တာ)
(၅) ဦးလဆန် (ဒါရိုက်တာ)
(၆) ဦးမျိုးမင်းချို (ဒုတိယအမှုဆောင်အရာရှိချုပ်)

IT Steering Committeeသည် ပထမပုဂ္ဂလိကဘဏ်၏ Core Banking System အကောင်အထည်ဖော်ရေးနှင့် Digital Transformation အတွက် အနီးကပ်ဦးဆောင်ကြီးကြပ်နိုင်ရန် အပတ်စဉ်အစည်းအဝေး (၃၉) ကြိမ်ကျင်းပဆောင်ရွက်ခဲ့ပါသည်။

**(၆) စာရင်းစစ်ကော်မတီ (Audit Committee)**

(၁) ဦးသက်ဆွေ (Independent Director)
(၂) ဒေါ်လှလှဝင်း (အမှုဆောင်ဒါရိုက်တာ)
(၃) ဦးသိန်းလွင် (အမှုဆောင်ဒါရိုက်တာ) တို့ဖြင့် ဖွဲ့စည်းထားပါသည်။

စာရင်းကော်မတီအစည်းအဝေးကို လစဉ်ကျင်းပပြီး အတွင်းစာရင်းစစ်အစီရင်ခံများသုံးသပ်ခြင်း၊ ဌာနတွင်းထိန်းချုပ် စနစ်ကောင်းမွန်ရေးတို့အတွက်လိုအပ်သောလမ်းညွှန်ကြီးကြပ်ခြင်းများဆောင်ရွက်လျက်ရှိပါသည်။

**(၇)ဥပဒေနှင့်နည်းဥပဒေလိုက်နာမှုဆိုင်ရာကော်မတီ(Compliance Committee)**

မြန်မာနိုင်ငံငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ ဥပဒေနှင့်နည်းဥပဒေ လိုက်နာမှုဆိုင်ရာကော်မတီကို အမှုဆောင်အရာရှိချုပ်၊ ဒုတိယအမှုဆောင်အရာရှိချုပ်၊ ဘဏ္ဍာရေးအရာရှိချုပ်၊ ချေးငွေအရာရှိချုပ်၊ ငွေရေးကြေးရေးအရာရှိချုပ်နှင့် ဘဏ်ခွဲတာဝန်ခံမန်နေဂျာများနှင့် ဖွဲ့စည်းထားပါသည်။

**ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများဖွဲ့စည်းထားရှိခြင်း**

နယ်ဘဏ်ခွဲများတွင် ဒါရိုက်တာများ၊ အကြံပေးများနှင့် မြို့ပေါ်မှ ဂုဏ်သရေရှိလူကြီးများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အစုရှင်များပါဝင်သော ဘဏ်ခွဲကြီးကြပ်ရေးကော်မတီများကို ဖွဲ့စည်းထားရှိပါသည်။ ဘဏ်ခွဲကြီးကြပ်

ရေးကော်မတီများသည် သက်ဆိုင်ရာဘဏ်ခွဲမှ ဘဏ်ဖောက်သည်များကို စည်းရုံးပေးပြီး ဘဏ်ခွဲမှ ငွေချေးယူသူ များ၏ စီးပွားရေးလုပ်ငန်းအခြေအနေနှင့် အာမခံအဆောက်အဦအခြေအနေများကို အနီးကပ်စိစစ်ပေးပြီး ထုတ်ချေးပေးနိုင်မည့်ချေးငွေပမာဏကို ထောက်ခံတင်ပြပေးကြပါသည်။

## စီမံခန့်ခွဲရေးအဖွဲ့ (Management Team) ဖွဲ့စည်းထားခြင်း

ဘဏ်တွင်းစီမံခန့်ခွဲမှု ပိုမိုထိရောက်စေရန်နှင့် နေ့စဉ်ဘဏ်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်ရန် ဦးမြင့်ဇော် (အမှုဆောင်အရာရှိချုပ်)၊ ဦးမျိုးမင်းချို (ဒုတိယအမှုဆောင်အရာရှိချုပ်)၊ ဦးအောင်မျိုးထွဋ် (ငွေရေးကြေးရေးဆိုင်ရာအရာရှိချုပ်)၊ ဒေါ်စိုးစိုးဝင်း (ချေးငွေအရာရှိချုပ်)၊ ဒေါ်မိမိနိုင် (ဘဏ္ဍာရေးအရာရှိချုပ်) တို့မှ နေ့စဉ် ဘဏ်လုပ်ငန်းများကို ကြီးကြပ်လျှက်ရှိပြီး ရုံးချုပ်နှင့်ဘဏ်ခွဲများတွင် အပတ်စဉ် ဘဏ်ခွဲတာဝန်ခံများ၊ ဌာနတာဝန်ခံများ၊ အရာထမ်း၊ ဝန်ထမ်းများပါဝင်သော အပတ်စဉ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးများကိုပြုလုပ်၍ လုပ်ငန်းပိုင်းအခက်အခဲများကို ညှိနှိုင်းဖြေရှင်းခြင်းနှင့် ဝန်ဆောင်မှုပိုမိုကောင်းမွန်စေရန် ဘဏ်ဖောက်သည်များ၏ အကြံပြုတင်ပြချက်များကို ဆွေးနွေးခဲ့ပါသည်။ အမှုဆောင်အရာရှိချုပ်ဦးမြင့်ဇော်မှာ (၃၀-၆-၂၀၂၃) တွင်အနားယူသွားပြီး စီမံခန့်ခွဲရေးအဖွဲ့ အတိုင်ပင်ခံအဖြစ်ဆောင်ရွက်လျက်ရှိပါသည်။ ( ၂၃.၉.၂၀၂၃ ) နေ့တွင်ပြုလုပ်သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးမှ အမှုဆောင်အရာရှိချုပ်အသစ်အဖြစ် ဦးသူရကို ခန့်ထားရန်ဆုံးဖြတ်ထားပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြခွင့်ပြုချက်တောင်းခံထားပါသည်။

## ဒါရိုက်တာများကိုချီးမြှင့်သည့်ဆုကြေး လစာနှင့်ခံစားခွင့်များ

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် (၁၂ လ) အတွက် ဥက္ကဋ္ဌ၊ အမှုဆောင်ဒါရိုက်တာနှင့် ဒါရိုက်တာများကို ချီးမြှင့်သည့် လစာနှင့်ခံစားခွင့်စရိတ် စုစုပေါင်းမှာ ကျပ် ၁၉၆.၈ သန်း ဖြစ်ပါသည်။

## အကြီးတန်းစီမံခန့်ခွဲသူအရာထမ်းများ၏လစာနှင့်စရိတ်များ

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်တွင် အမှုဆောင်အရာရှိချုပ်နှင့် အကြီးတန်းစီမံခန့်ခွဲသူအရာရှိချုပ် (၅) ဦး၏ လစာနှင့်ခံစားခွင့်များ စုစုပေါင်း ကုန်ကျစရိတ်မှာ ကျပ် ၁၇၅.၄၆ သန်း ဖြစ်ပါသည်။

## ဝန်ထမ်းများ၏လစာနှင့်ခံစားခွင့်စရိတ်များ

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ကုန်တွင် ရုံးချုပ်အပါအဝင် ဘဏ်ခွဲ (၃၆) ဘဏ်ရှိပြီး ဝန်ထမ်းဦးရေ (၆၅၄) ဦး ရှိပါသည်။ ဒုတိယမန်နေဂျာနှင့်အထက် အရာထမ်းဝန်ထမ်း (၂၁၀) ဦး၊ ရိုးရိုးဝန်ထမ်း (၂၄၂) ဦးနှင့် အခြားအဆင့်ဝန်ထမ်း (၂၀၂) ဦး ဖြစ်ပါသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ဝန်ထမ်းများ၏ လစာနှင့်ခံစားခွင့်များ စုစုပေါင်းမှာ ကျပ် ၃,၂၆၁.၆၁ သန်း ဖြစ်ပါသည်။ ဝန်ထမ်းများအားလုံး၏ လစာနှင့်ခံစားခွင့်များအတွက်အသုံးစရိတ်မှာ စုစုပေါင်း အသုံးစရိတ်၏ (၅၁%) ဖြစ်ပါသည်။

## ဘဏ်ခွဲအသစ်များထပ်မံဖွင့်လှစ်ရန်စီစဉ်ခြင်း

ပထမပုဂ္ဂလိကဘဏ်ရုံးချုပ် စတင်ဖွင့်လှစ်ခဲ့သည့် (၆-၁၀-၁၉၉၂)နေ့မှ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ်ကုန် (၃၁-၃-၂၀၂၃) ရက်နေ့အထိ ရန်ကုန်ရုံးချုပ်နှင့် နေပြည်တော်ရုံးချုပ်အပါအဝင် ဘဏ်ခွဲ (၃၆) ဘဏ် ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါသည်။ (၃၁.၁၀.၂၀၂၃)ရက်နေ့အထိ ဖွင့်ခဲ့ပြီးသောဘဏ်ခွဲများမှာ ရန်ကုန်တိုင်းဒေသကြီးတွင် (၈) ခု၊ မန္တလေးတိုင်း ဒေသကြီးတွင် (၃) ခု၊ မကွေးတိုင်းဒေသကြီးတွင် (၇) ခု၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် (၅) ခု၊ တနင်္သာရီတိုင်း ဒေသကြီးတွင် (၃) ခု၊ ဧရာဝတီတိုင်းဒေသကြီးတွင် (၂) ခု၊ ပဲခူး တိုင်းဒေသကြီးတွင် (၁) ခု၊ ရှမ်းပြည်နယ်တွင် (၂) ခု၊ ကယားပြည်နယ်တွင် (၁) ခု၊ ကရင်ပြည်နယ်တွင် (၂) ခု၊ မွန် ပြည်နယ်တွင် (၁) ခု၊ ကချင်ပြည်နယ်တွင် (၁) ခု၊ ချင်းပြည်နယ်တွင် (၁) ခု၊ နေပြည်တော်တွင် (၁) ခု၊ စုစုပေါင်းဘဏ်ခွဲ (၃၈) ခု ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါသည်။

### (၁) ချင်းပြည်နယ်၊ မင်းတပ်ဘဏ်ခွဲ

ချင်းပြည်နယ်တွင် ဒုတိယဘဏ်ခွဲကို မင်းတပ်မြို့အနောက်ရပ်ကွက်၊ မင်းတပ်-မတူပီလမ်းမကြီး၊ အကွက်အမှတ် (၁)၊ ဦးပိုင်အမှတ် (၁၈၉)၊ ဂရန်မြေပေါ်တွင် မင်းတပ်ဘဏ်ခွဲဖွင့်လှစ်ရန် အဆောက်အဦ ဆောက်လုပ်ပြီးစီးပြီဖြစ်သော်လည်း ဖွင့်လှစ်နိုင်ခြင်းမရှိသေးပါ။

### (၂) စမ်းချောင်းဘဏ်ခွဲ

ရန်ကုန်တိုင်းဒေသကြီး၊စမ်းချောင်းမြို့နယ်၊ဗားကရာလမ်း၊စမ်းချောင်းမြောက်ရပ်ကွက် အမှတ် (၁၂၂)၊ အခန်းအမှတ် (B-1) မြေညီထပ်ကို (၁-၁၀-၂၀၂၂) ရက်နေ့ မှ (၃၀-၉-၂၀၂၇) ရက်နေ့အထိ (၅) နှစ်တိတိ ငှားရမ်းခဲ့ပြီး ( ၃-၈-၂၀၂၃) ရက်နေ့မှ စတင်ဖွင့်လှစ်ပြီး ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

### (၃) လှိုင်ဘဏ်ခွဲ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ အမှတ် (၉) ရပ်ကွက်၊ အမှတ် (၁၉)၊ မြေညီထပ်နှင့် ပထမထပ်တို့ကို (၁-၁၁-၂၀၂၂) ရက်နေ့မှ (၃၁-၁၀-၂၀၂၇) ရက်နေ့အထိ (၅) နှစ်တိတိငှားရမ်းခဲ့ပြီး (၃-၈-၂၀၂၃) ရက်နေ့မှ စတင်ဖွင့်လှစ်ပြီး ဝန်ဆောင်မှုပေးလျှက်ရှိပါသည်။

### (၄) ဗဟန်းဘဏ်ခွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်း၊ အနောက်ရွှေဂုံတိုင်ရပ် အမှတ် (၁၂၅/စီ)၊ အခန်းအမှတ် (၂) မြေညီထပ်ကို (၁-၁၀-၂၀၂၂) ရက်နေ့မှ (၃၀-၉-၂၀၂၇) ရက်နေ့အထိ (၅) နှစ် တိတိငှားရမ်းခဲ့ပြီး ဘဏ်ခွဲဖွင့်လှစ်နိုင်ရန်ပြင်ဆင်ပြီးဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုမိန့်ရရှိရန်အတွက် စီစဉ်ဆောင်ရွက်လျှက် ရှိပါသည်။

### (၅) တာမွေဘဏ်ခွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ တာမွေကြီး (က+ဂ) ရပ်ကွက်၊ အမှတ် (၃၂၇/၃၂၉)၊ အခန်း အမှတ် (B)၊ မြေညီထပ်ကို (၁-၁၁-၂၀၂၂) ရက်နေ့မှ (၃၁-၁၀-၂၀၂၇) ရက်နေ့အထိ (၅) နှစ်တိတိငှားရမ်းခဲ့ပြီး ဘဏ်ခွဲဖွင့်လှစ်နိုင်ရန် ပြင်ဆင်ပြီးဖြစ်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ခွင့်ပြုမိန့်ရရှိရန်အတွက် ဆောင်ရွက်လျှက်ရှိပါသည်။

### (၆) မြောက်ဒဂုံဘဏ်ခွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ ဦးဝိစာရလမ်းမကြီး၊ မြေတိုင်းရပ်ကွက်အမှတ် (၃၄)၊ မြေကွက်အမှတ် (၃၃)၊ ဧရိယာ (၀.၀၅၅) ဧက၊ နှစ်ထပ်တိုက်အဆောက်အဦကို (၁-၃-၂၀၂၃) ရက်နေ့မှ (၂၉-၂-၂၀၂၈) ရက်နေ့အထိ (၅) နှစ် တိတိငှားရမ်းခဲ့ပြီး ဘဏ်ခွဲဖွင့်လှစ်နိုင်ရန် အဆင်သင့်ပြင်ဆင် ဆောင်ရွက်ထားပါသည်။

### (၇) မန္တလေး (၆၂) လမ်း ဘဏ်ခွဲ

မန္တလေးတိုင်းဒေသကြီး၊မဟာအောင်မြေခရိုင်၊ပြည်ကြီးတံခွန်မြို့နယ်၊ (င) ရပ်ကွက်၊ ကွင်းအမှတ် (ညည-၁)၊ ဦးပိုင်အမှတ် (၂၁-ခ)၊ ၆၂ လမ်း (၁၂၁ လမ်းနှင့် ၁၂၂ လမ်းကြား)၊ အာဂရ်စီသုံးထပ်အဆောက်အဦကို (၁-၂-၂၀၂၃) ရက်နေ့မှ (၃၁-၁-၂၀၂၈) ရက်နေ့အထိ (၅) နှစ်တိတိငှားရမ်းခဲ့ပြီး ဘဏ်ခွဲဖွင့်လှစ်နိုင်ရန် အဆင်သင့်ပြင်ဆင် ဆောင်ရွက်ထားပါသည်။

## ဘဏ်ခွဲများ ယာယီပိတ်ထားမှုအခြေအနေတင်ပြခြင်း

(၁) မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ကမ္မမြို့တွင် ဖွင့်လှစ်ထားသော ပထမပုဂ္ဂလိဘဏ်လီမိတက်၏ ဘဏ်ခွဲ (၂၉)၊ ကမ္မဘဏ်ခွဲအား ဒေသအခြေအနေအရ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများပေးနိုင်သည့် အခြေအနေမရှိပါသဖြင့် (၄.၅.၂၀၂၃) ရက်နေ့မှစ၍ (၃၁.၅.၂၀၂၃) ရက်နေ့အထိ ယာယီပိတ်ထားခွင့်ပြုပါရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့

ခွင့်ပြုမိန့်တောင်းခံခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၂၂.၅.၂၀၂၃) ရက်စွဲပါစာဖြင့် ခွင့်ပြုပေးခဲ့ပါသည်။ သို့သော် ကမ္ဘမြို့မှာ ဒေသအခြေအနေမကောင်းပါသဖြင့် ဘဏ်ခွဲအား ဆက်လက်ပိတ်ထားရန်လိုအပ်သောကြောင့် (၁.၆.၂၀၂၃) ရက်နေ့မှ (၃၀.၆.၂၀၂၃) ရက်နေ့အထိတစ်ကြိမ်၊ (၁.၇.၂၀၂၃) ရက်နေ့မှ (၃၁.၇.၂၀၂၃) ရက်နေ့အထိတစ်ကြိမ်၊ (၁.၈.၂၀၂၃) ရက်နေ့မှ (၃၁.၈.၂၀၂၃) ရက်နေ့အထိ တစ်ကြိမ် ယာယီပိတ်ထားခွင့်ပြုရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ဆက်တိုက်ခွင့်ပြုမိန့်တောင်းခံခဲ့ရပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ထပ်မံခွင့်ပြုပေးခဲ့ပါသည်။ သို့သော် ဒေသအခြေအနေကောင်းမွန်လာခြင်းမရှိသဖြင့် (၈.၈.၂၀၂၃) ရက်နေ့တွင် ကျင်းပသော (၄/၂၀၂၃) ကြိမ်မြောက်ဒါရိုက်တာအဖွဲ့စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ (၁.၉.၂၀၂၃) ရက်နေ့မှ (၃၁.၈.၂၀၂၄) ရက်နေ့အထိ (၁) နှစ်တိတိ ယာယီပိတ်ထားရန် သဘောတူဆုံးဖြတ်ခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြခွင့်ပြုချက်တောင်းခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၇.၉.၂၀၂၃) ရက်စွဲပါစာဖြင့် ယာယီပိတ်ခွင့်ပြုခဲ့သဖြင့် ဘဏ်ခွဲ (၂၉)၊ ကမ္ဘဘဏ်ခွဲအား ဆက်လက်ပိတ်ထားခဲ့ပါသည်။

(၂) မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်တွင် ဖွင့်ထားသော ပထမပုဂ္ဂလိကဘဏ် ဘဏ်ခွဲ (၃၄)၊ မြိုင်ဘဏ်ခွဲအား လက်ရှိဒေသတွင်းလုံခြုံရေးအခြေအနေအရ (၁၁.၉.၂၀၂၃) ရက်နေ့တွင်ကျင်းပသော (၉/၂၀၂၃) အကြိမ်မြောက်ဒါရိုက်တာအဖွဲ့စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်အရ (၁၅.၉.၂၀၂၃) ရက်နေ့မှ (၃၀.၉.၂၀၂၄) ရက်နေ့အထိ (၁) နှစ် ယာယီပိတ်ထားရန် သဘောတူဆုံးဖြတ်ခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခဲ့ရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ (၁၈.၉.၂၀၂၃) ရက်စွဲပါစာဖြင့် ယာယီပိတ်ခွင့်ပြုခဲ့သဖြင့် ဘဏ်ခွဲ (၂၉)၊ မြိုင်ဘဏ်ခွဲအား ဆက်လက်ပိတ်ထားခဲ့ပါသည်။

## မြိတ်ဘဏ်ခွဲဘဏ္ဍာတိုက်ခန်းအတွင်းငွေသားလက်ကျန်ကွာဟမှုနှင့်ပတ်သက်၍ ငွေကြေးတာဝန်ခံအား တရားစွဲဆိုမှုအခြေအနေတင်ပြခြင်း

ပထမပုဂ္ဂလိကဘဏ်လီမိတက်၊ ဘဏ်ခွဲ (၁၁)၊ မြိတ်ဘဏ်ခွဲတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်ချုပ်ပိတ်သည့် (၃၁.၃.၂၀၂၃) ရက်နေ့တွင် ဘဏ္ဍာတိုက်ခန်းအတွင်းထားရှိသော ငွေသားလက်ကျန်များအား စာရင်းနှင့်တကွ အသေးစိတ် တိုက်ဆိုင်စစ်ဆေးခဲ့ရာ ငွေသားကျပ် ၁၂၉,၅၅၉,၀၀၀ တိတိ ကွာဟနေသည့်အတွက် မြိတ်ဘဏ်ခွဲဒါရိုက်တာဦးမြင့်လွင်မှ ဘဏ်ခွဲငွေကြေးဌာနတာဝန်ခံ ဦးအောင်ကျော်မြတ်အား ဘဏ္ဍာတိုက်ခန်းအတွင်း ငွေလျော့နည်းမှုနှင့်ပတ်သက်ပြီး စစ်ဆေးမေးမြန်းရာတွင် အလွဲသုံးစားလုပ်ထားကြောင်း ကိုယ်တိုင်ဝန်ခံခဲ့သဖြင့် ဘဏ်ခွဲတာဝန်ခံဒေါ်တင်တင်ဝင်းမှ တရားလိုပြုလုပ်၍ ဦးအောင်ကျော်မြတ်အား မြို့မရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ရာ အမှုစစ်အရာရှိ ဒုရဲအုပ်ကျော်ရဲလွင်မှ ရာဇသတ်ကြီးပုဒ်မ-၄၀၈ဖြင့် မြိတ်မြို့နယ်တရားရုံးတွင် တရားစွဲဆိုခဲ့ပါသည်။ မြိတ်မြို့နယ်တရားရုံးတွင် ( ၂၆.၄.၂၀၂၃ ) မှ ( ၂၀.၆.၂၀၂၃ ) ထိအမှုစစ်ဆေးခဲ့ပြီး မြို့နယ်တရားသူကြီးမှ ပြစ်မှုထင်ရှားသဖြင့် ရာဇသတ်ကြီးပုဒ်မ ၄၀၈ အရ တရားခံအောင်ကျော်မြတ်အား (၂၀.၀၆.၂၀၂၃) ရက်နေ့တွင် အလုပ်နှင့် ထောင်ဒဏ် (၃)နှစ် ချမှတ်ခဲ့ပါသည်။

ဘဏ်ဒါရိုက်တာအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့မှ ဆုံးရှုံးသွားသည့်ငွေကြေးများ ပြန်လည်ရရှိရန်အတွက် တာဝန်ရှိသူများကို တရားမကြောင်းဖြင့် ဆက်လက်တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်လျှက်ရှိပါသည်။ အလားတူ နောင်တွင် ငွေကြေးအလွဲသုံးစားမှုများ မဖြစ်ပေါ်စေရေးအတွက် ဒါရိုက်တာအဖွဲ့၏လမ်းညွှန်ချက်ဖြင့် ဌာနတွင်း စာရင်းစစ်မှ ဘဏ်ခွဲများတွင် ငွေလက်ကျန်များ ရှောင်တစ်ခင်ရေတွက်စစ်ဆေးခြင်း၊ Chief Treasury Officer ဦးဆောင်၍ Realtime Video Call ဖြင့် ဘဏ်ခွဲများရှိငွေလက်ကျန်များအား ရှောင်တစ်ခင်ရေတွက်စစ်ဆေးခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။

## GS Engineering & Construction Corporation က ဘဏ်မှထုတ်ပေးထားသည့် Bank Guarantee များအား ပေးလျော်ရန် တရားစွဲဆိုထားသည့်ကိစ္စအား တင်ပြခြင်း

၂၀၁၁ ခုနှစ်ကတည်းကစ၍ ပထမပုဂ္ဂလိကဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ခဲ့သည့် Myat Noe Thu Construction Co, Ltd မှ ကိုရီးယား-မြန်မာ ချစ်ကြည်ရေး ရန်ကုန်-ဒလ တံတားတည်ဆောက်ရေးစီမံကိန်းတွင် တစ်ဆင့်ခံကန်ထရိုက်တာအဖြစ် ဆောင်ရွက်ရန်အတွက် ရန်ကုန်-ဒလတံတား တည်ဆောက်ရေးစီမံကိန်း ကန်ထရိုက်တာဖြစ်သည့် GS Engineering & Construction Corporation သို့ ပေးအပ်ရန် Advance Payment Guarantee နှင့် Performance Guarantee များကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ်သို့ တင်ပြလျှောက်ထားခဲ့ပါသည်။ Myat Noe Thu Construction Company ဘဏ်၏ Customer ကောင်းတစ်ဦးဖြစ်ခြင်း၊ နိုင်ငံတော်အဆင့်စီမံကိန်းအောင်မြင်ရန် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေနိုင်ခြင်း၊ တစ်ဘက်တွင်လည်း ဘဏ်ဝန်ဆောင်ခဝင်ငွေ တိုးတက်ရရှိနိုင်ခြင်းတို့ကြောင့် မြတ်နိုးသူဆောက်လုပ်ရေးထံမှ လုံလောက်သည့် အာမခံပစ္စည်းများကိုရယူ၍ ပထမပုဂ္ဂလိကဘဏ်က (၃-၆-၂၀၁၉) ရက်နေ့တွင် Bank Guarantee များကို GS Engineering & Construction Corporation သို့ ထုတ်ပေးခဲ့ပါသည်။

ပထမပုဂ္ဂလိကဘဏ်မှ Bank Guarantee များကို တစ်နှစ်တစ်ကြိမ် သက်တမ်းတိုးမြှင့်ပေးခဲ့ရာ မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီက တံတားတည်ဆောက်ရေးလုပ်ငန်းတွင် ပျက်ကွက်ခဲ့သည်ဟုအကြောင်းပြ၍ ဘဏ်မှ Bank Guarantee ထုတ်ပေးထားသည့် USD 2,336,944.86 ကို ပေးလျော်ရန် GS Engineering & Construction Corporation မှ (၂-၆-၂၀၂၁) ရက်နေ့တွင် စာဖြင့် ပေးပို့တောင်းခံခဲ့ပါသည်။

ပထမပုဂ္ဂလိကဘဏ်အနေဖြင့် မိမိဘဏ်မှ ထုတ်ပေးထားသည့် Bank Guarantee များကို လက်ခံထားသည့်အဖွဲ့အစည်းမှ စည်းမျဉ်းစည်းကမ်းနှင့်အညီ တောင်းဆိုလာပါက ပေးလျော်ရန်တာဝန်ရှိသော်လည်း မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီနှင့် GS Engineering & Construction Corporation တို့အကြား ပျက်ကွက်မှုများနှင့် ပေးရန်၊ ရရန်စာရင်းများကို ဘဏ်မှသိရှိခြင်းမရှိ၍ နှစ်ဘက်အကြား ရရန်၊ ပေးရန် သဘောတူညီချက်ရရှိနိုင်ရေးကို ဦးစွာညှိနှိုင်းဆုံးဖြတ်ကြရန် သုံးဦးသုံးဖလှယ် အကြိမ်ကြိမ်ဆွေးနွေးခဲ့ကြသော်လည်း ပြေလည်မှုမရရှိဘဲ (၉-၇-၂၀၂၁) ရက်နေ့တွင် GS Engineering & Construction Corporation က ပထမပုဂ္ဂလိကဘဏ်အား ဘဏ်က ထုတ်ပေးထားသည့် ဘဏ်အာမခံချက် (Bank Performance Guarantee) ပါအတိုင်း အကျိုးခံစားခွင့်ရှိသူ ထံပေးအပ်ရမည့် USD 2,336,044.86 နှင့် ပျက်ကွက်မှုနစ်နာကြေးအဖြစ် ပေးအပ်ရမည့်ငွေပမာဏ၏ ၁၅.၅% ဖြစ်သည့် USD 362,086.95၊ စုစုပေါင်း USD 2,698,131.81 ရလိုမှုဖြင့် တရားမမှုဖြင့် တရားစွဲဆိုခဲ့ပါသည်။

မြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီနှင့် GS Engineering & Construction Corporation တို့အကြား ပေးရန်၊ ရရန် စာရင်းအတိအကျကို တရားရုံး၏ဆုံးဖြတ်ချက်အမိန့်ရရှိပါက ပထမပုဂ္ဂလိကဘဏ်မှ အဆိုပါတရားရုံးအမိန့်အတိုင်းလိုက်နာဆောင်ရွက်ပေးရမည်ဖြစ်ပါသည်။ သို့သော်လည်း ဘဏ်အနေဖြင့် မြတ်နိုးသူ ဆောက်လုပ်ရေးကုမ္ပဏီမှ လုံလောက်သည့်အာမခံပစ္စည်းများအား ရယူထားပြီးဖြစ်သည့်အတွက် ဘဏ်အတွက် ငွေကြေးတစ်စုံတစ်ရာ နစ်နာဆုံးရှုံးမှုမရှိပါကြောင်း အစုရှယ်ယာရှင်များအား ရှင်းလင်းတင်ပြအပ်ပါသည်။

## ဒါရိုက်တာအဖွဲ့၏ဆောင်ရွက်ချက်များ

ဒါရိုက်တာအဖွဲ့အနေဖြင့် ပထမပုဂ္ဂလိကဘဏ်အား စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘဏ်၏ စီမံခန့်ခွဲမှုအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပါအဝင် အခြားသော အကောင်အထည်ဖော်ရမည့် လုပ်ငန်းများအား လမ်းညွှန်ခြင်း၊ အကောင်အထည်ဖော်မှုလုပ်ငန်းစဉ်များကို

စောင့်ကြည့်ကြီးကြပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ပြုပြင်ပြောင်းလဲရေးတွင် စီမံခန့်ခွဲမှုအဖွဲ့အတွက် လိုအပ်သော ကူညီပံ့ပိုးမှုများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိပါသည်။

**ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (Constitution) ရေးဆွဲခြင်း။**

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် (၁၀) ကြိမ်မြောက်အထူးအစည်းအဝေးမှ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေအရ ဘဏ်၏သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းကို လိုအပ်သလို ပြင်ဆင်ဖြည့်စွက်၍ ဘဏ်၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းရေးဆွဲရန် ဒါရိုက်တာအဖွဲ့အား လုပ်ပိုင်ခွင့်အပ်နှင်းခဲ့သည့်အတွက် ဘဏ်၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (Constitution) ရေးဆွဲခြင်းကို သက်ဆိုင်သည့်ဥပဒေများ၊ နည်းဥပဒေများ ညွှန်ကြားချက်များနှင့်ကိုက်ညီစေရန် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းရေးဆွဲရာတွင် အတွေ့အကြုံများစွာရှိသော ပြင်ပအကြံပေးများ၏ အကူအညီဖြင့် ရေးဆွဲခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏အတည်ပြုချက်ကိုရယူကာ ယခု (၃၂) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးတွင် အစုရှယ်ယာရှင်များ၏အတည်ပြုချက်ရယူရန် ဆောင်ရွက်နိုင်ခဲ့ပါသည်။

**Board Excecutive Committee ကိုဖွဲ့စည်းဆောင်ရွက်ခြင်း။**

ဘဏ်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များ အကောင်အထည်ဖော်မှုများ သွက်လက်မြန်ဆန်လာစေရန်နှင့် ဒါရိုက်တာအဖွဲ့၏ဆုံးဖြတ်လမ်းညွှန်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ်၏စီမံခန့်ခွဲမှုအဖွဲ့အား ပိုမိုနီးကပ်စွာ လမ်းညွှန်ဆောင်ရွက်နိုင်ရန်၊ အချိန်နှင့်တပြေးညီပံ့ပိုးနိုင်ရန် အတွက် Board Excecutive Committee ကိုဖွဲ့စည်း၍ စီမံခန့်ခွဲမှုအဖွဲ့နှင့် အပတ်စဉ်တွေ့ဆုံဆွေးနွေးလမ်းညွှန်၍ စောင့်ကြည့်ကြီးကြပ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

**ဒါရိုက်တာအဖွဲ့ကော်မတီပဋိညာဉ်များရေးဆွဲအကောင်အထည်ဖော်ခြင်း။**

ဘဏ်၏ ကောင်းမွန်သောကော်ပိုရိတ်စီမံအုပ်ချုပ်မှုစနစ် (Good Corporate Governance System) ပီပြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဒါရိုက်တာအဖွဲ့၏ဘုတ်ကော်မတီပဋိညာဉ်များ (Board Committee Charters) ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ဘုတ် ကော်မတီအသီးသီးအလိုက် ကော်မတီ၏လုပ်ငန်းတာဝန်များကို တွေ့ဆုံဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ရေးဆွဲအကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဘုတ်ကော်မတီများ ပဋိညာဉ်များမှာ-

(က) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီပဋိညာဉ်

(ခ) ရပိုင်ခွင့်နှင့်ပေးရန်တာဝန်များစီမံခန့်ခွဲမှုကော်မတီပဋိညာဉ်

(ဂ)လုပ်ခလစာချီးမြှင့်ရေးကော်မတီပဋိညာဉ်

(ဃ) သတင်းအချက်အလက်နှင့်နည်းပညာကော်မတီပဋိညာဉ်

(င) ချေးငွေကော်မတီပဋိညာဉ်

(စ) စာရင်းစစ်ကော်မတီပဋိညာဉ်

(ဆ )အမှုဆောင်ကော်မတီပဋိညာဉ် တို့ဖြစ်ပါသည်။

**ဒစ်ဂျစ်တယ်နည်းပညာသုံးစွဲမှုအတွက်ပြုပြင်ပြောင်းလဲခြင်း။**

ဘဏ်၏လုပ်ငန်းလည်ပတ်မှုများ ပိုမိုထိရောက်မြန်ဆန်လာစေရန်နှင့် ဘဏ်၏ Customer များအား ပိုမို ကောင်းမွန်သော ဝန်ဆောင်မှုများဆောင်ရွက်ပေးနိုင်ရန်အတွက် အောက်ဖော်ပြပါဒစ်ဂျစ်တယ်နည်းပညာ သုံးစွဲမှု အကောင်အထည်ဖော်ရေးစီမံချက်များကို သတင်းအချက်အလက်နှင့်နည်းပညာကော်မတီ၏ လမ်းညွှန်ကြီးကြပ်မှု အောက်တွင် စီမံခန့်ခွဲမှုအဖွဲ့နှင့်အတူ အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိပါသည်။

လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသောဒစ်ဂျစ်တယ်နည်းပညာလုပ်ငန်းစီမံချက်များမှာ-

(က) Centralised Core-Banking စနစ်အသုံးဝင်မှု ဆက်လက်မြှင့်တင် အကောင်အထည်ဖော်ခြင်း။

(ခ) FI Gateway စနစ် အကောင်အထည်အထည်ဖော်ခြင်း။

(ဂ) ဗဟိုဘဏ်သို့ Real Time အစီရင်ခံစာပို့သည့်စနစ် MIS- Agent စနစ် အကောင်အထည် ဖော်ခြင်း။

(ဃ) ဘဏ်၏ Website အသစ် ပြုပြင်ရေးဆွဲခြင်း။

(င) Human Resource and Payroll Management စနစ် အကောင်အထည်ဖော်ခြင်း။

(စ) Internet Banking/ Mobile Banking စနစ် အကောင်အထည်ဖော်ဆောင်ခြင်း စသည် တို့ ဖြစ်ပါသည်။

## အတိုး (သို့) အရင်း ပေးဆပ်ရန်ပျက်ကွက်နေသောချေးငွေကြွေးကျန် (NPL) များလျော့ချခြင်း။

အတိုး (သို့) အရင်း ပေးဆပ်ရန်ပျက်ကွက်နေသောချေးငွေ **(Non-Performing Loan)** များ ပြန်လည်ကောက်ခံရရှိရေးနှင့် ရက်လွန်ချေးငွေကြွေးကျန်များ ထပ်မံမြင့်တက်မလာစေရန် ဒါရိုက်တာနှင့် စီမံခန့်ခွဲမှုအဖွဲ့ဝင်များ ပါဝင်သော Loan Collection Task Force Team ကိုဖွဲ့စည်း၍ အနီးကပ်လမ်းညွှန်ကြီးကြပ် ဆောင်ရွက်လျက်ရှိပါသည်။ အတိုး (သို့) အရင်းပေးဆပ်ရန် ပျက်ကွက်နေသောချေးငွေများ ပြန်လည်ကောက်ခံရရှိရေးအတွက် ဘဏ်ခွဲအလိုက် ချေးငွေ Customer တစ်ဦးချင်းအလိုက် အသေးစိတ်သုံးသပ်၍ ဒါရိုက်တာအဖွဲ့၏ လမ်းညွှန်ကြီးကြပ်မှုအောက်တွင် ရုံးချုပ်အဆင့်နှင့် ဘဏ်ခွဲအဆင့် တာဝန်ခွဲဝေဆောင်ရွက်လျက်ရှိပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ကုန်ဆုံးသည့် (၃၁-၃-၂၀၂၃) ရက်နေ့တွင် အတိုး (သို့) အရင်း ပေးဆပ်ရန်ပျက်ကွက်နေသောချေးငွေအချိုး (NPL Ratio) မှာ **(၂၄.၂၈%) ရှိခဲ့ရာမှ** (၃၁-၁၀-၂၀၂၃) ရက်နေ့စာရင်းအရ (၂၀.၃၀%) သို့လျှော့ချနိုင်ခဲ့ပါသည်။

## အခြားပြုပြင်ပြောင်းလဲမှုဆောင်ရွက်ချက်များ။

(က) နှစ်စဉ်လုပ်ငန်းလည်ပတ်မှုဘတ်ဂျက် (Annual Operating Budget) ကို Target Oriented Budget အဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် စီမံခန့်ခွဲမှုအဖွဲ့အား လမ်းညွှန်ကြီးကြပ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း။

(ခ) ဝန်ထမ်းရေးရာမူဝါဒများ၊ ဘဏ္ဍာရေးဆိုင်ရာမူဝါဒများ၊ ဝန်ထမ်းရေးရာလုပ်ပိုင်ခွင့်ခွဲဝေခြင်း (HR Delegation of Authority)၊ Risk Management Framework များကို ပြန်လည်ပြုပြင်ရေးဆွဲ အတည်ပြု အကောင်အထည်ဖော်ခြင်း။

(ဂ) ပြုပြင်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရန် ဝန်ထမ်းဖွဲ့စည်းပုံများကို ပြန်လည်ရေးဆွဲ အတည်ပြု အကောင်အထည်ဖော်ဆောင်ရွက်ခြင်း။

(ဃ) ဝန်ဆောင်မှုကောင်းမွန်မှုကိုအလေးထားသောဘဏ် ဖြစ်ပေါ်လာစေရေးအတွက် စဉ်ဆက်မပြတ် အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံခန့်ခွဲမှုအဖွဲ့သို့ လိုအပ်သောလမ်းညွှန်မှုများပေး၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိခြင်း။

## ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ။

ဒါရိုက်တာအဖွဲ့အနေဖြင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် အောက်ပါလုပ်ငန်းဆောင်တာများကို ဦးစားပေး အကောင်အထည်ဖော်ရန် ရည်မှန်းထားပါသည်။

(က) ဘဏ်၏ Sales & Marketing ဌာန ပီပြင်စွာဖြစ်ပေါ်လာစေရေးအတွက် လိုအပ်သော Sales ဝန်ထမ်းများ ခန့်ထားခြင်းနှင့် သင်တန်းပေးခြင်းများကိုဆောင်ရွက်ရန်။

(ခ) လာမည့်ဘဏ္ဍာရေးနှစ်တွင် ဝန်ထမ်းများ၏စွမ်းဆောင်နိုင်မှုနှင့် ချိတ်ဆက်တိုင်းတာနိုင်သော လုပ်ငန်းဆောင်ရွက်မှုဘတ်ဂျက် (Realistic Target Oriented Operating Budget) ကို ရေးဆွဲအကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်ရန်။

(ဂ) အပ်ငွေအမျိုးအစားများ၊ ချေးငွေအမျိုးအစားများကို ဈေးကွက်လိုအပ်ချက်နှင့်အညီ တိုးချဲ့ဆောင်ရွက်ရန်။

(ဃ) အတိုး (သို့) အရင်းပေးဆပ်ရန်ပျက်ကွက်နေသောချေးငွေ (NPL) များ လျော့ချရေးကို စီမံချက်ဖြင့် အရှိန်မြှင့်ဆောင်ရွက်ရန်။

(င) ဘဏ်၏ Customer ဦးရေ တိုးတက်လာစေရေးနှင့် အပ်ငွေများတိုးတက်ရရှိရေး နည်းလမ်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(စ) ဘဏ်၏ဝန်ဆောင်မှု ပိုမိုကောင်းမွန်လာစေရေးအတွက် လိုအပ်သောပြုပြင်ပြောင်းလဲမှုများကို အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဆ) ဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရန် လိုအပ်သောသင်တန်းများပေးရန်၊ ဝန်ထမ်းများ၏ စွမ်းဆောင်ရည်ကို တိုင်းတာရန်စနစ် (KPI) များနှင့် Incentive System များ သတ်မှတ် အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဇ) လက်ရှိအကောင်အထည်ဖော်လျက်ရှိသည့် ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများအပြင် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သည့် ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲရေး လုပ်ငန်းဆိုင်ရာဗျူဟာများကို ရေးဆွဲအတည်ပြု အကောင်အထည်ဖော်ဆောင်ရွက်ရန်။

(ဈ) Risk Management အကောင်အထည်အထည်ဖော်မှု လုပ်ငန်းစဉ်များကို ပိုမိုပီပြင်စွာ ဖြစ်ပေါ်လာစေရေး ဆက်လက်ကောင်အထည်ဖော်ဆောင်ရွက်ရန်။

ဒါရိုက်တာအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှု၊ နယ်ဘဏ်ခွဲကြီးကြပ်ရေးကော်မတီဝင်များ၏ တာဝန်ယူကြီးကြပ်မှု၊ ဘဏ်၏စီမံခန့်ခွဲမှုအဖွဲ့အပါအဝင် ဝန်ထမ်းများ၏ကြိုးစားဆောင်ရွက်မှုနှင့် အစုရှယ်ယာရှင်များ၏ ဝိုင်းဝန်းပံ့ပိုးကူညီမှု၊ ဘဏ်၏ Customer များ၏အစဉ်တစိုက်အားပေးမှုတို့ကြောင့် ပထမပုဂ္ဂလိက ဘဏ်မှာ အများပြည်သူ၏ယုံကြည်မှုကို ခိုင်မာစွာတည်ဆောက်နိုင်ခဲ့ပြီး ပထမပုဂ္ဂလိကဘဏ်ကို စတင်တည်ထောင်ဖွင့်လှစ်ခဲ့သည့် (၆-၁၀-၁၉၉၂) ရက်နေ့မှ ယနေ့အထိ အနှစ် (၃၀) ကျော်တိုင်အောင် ခိုင်မာစွာရပ်တည်နိုင်ခဲ့ပါသည်။ ပထမပုဂ္ဂလိကဘဏ်အား ယခုထက်ပိုမိုအောင်မြင်ရန်အတွက် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဘဏ်ခွဲကြီးကြပ်ရေးကော်မတီဝင်များ၊ ဘဏ်၏စီမံခန့်ခွဲမှုအဖွဲ့ အပါအဝင် ဝန်ထမ်းများက ဆထက်ထမ်းပိုးတိုး၍ အင်တိုက်အားတိုက် ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ပါသည်။

ပြီးခဲ့သည့် ကမ္ဘာ့ကပ်ရောဂါကာလနှင့် ကပ်ရောဂါကာလအလွန် စီးပွားရေးခက်ခဲမှု၊ စိန်ခေါ်မှုများရှိနေသော်လည်း ပထမပုဂ္ဂလိကဘဏ်ကို ဆက်လက်အောင်မြင်စေရန် ဝိုင်းဝန်းကူညီပေးကြသည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သည့် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ဒါရိုက်တာအဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဘဏ်ခွဲကြီးကြပ်ရေးကော်မတီဝင်များ၊ အစုရှယ်ယာရှင်များ၊ ဘဏ်နှင့်ဆက်သွယ်သူများ၊ ဘဏ်၏စီမံခန့်ခွဲမှုအဖွဲ့ အပါအဝင် ဝန်ထမ်းများအားလုံးကို ဒါရိုက်တာအဖွဲ့မှ အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

| | | |
|---|---|---|
| ဒါရိုက်တာ | ဒါရိုက်တာ | ဒါရိုက်တာ |

# FIRST PRIVATE BANK PUBLIC COMPANY LIMITED

*(Incorporated in the Republic of the Union of Myanmar)*

## FINANCIAL STATEMENTS AND OTHER FINANCIAL INFORMATION

## FOR THE YEAR ENDED 31 MARCH 2023

**Currency - Myanmar Kyat**

**U HLA TUN & ASSOCIATES LIMITED**

**CERTIFIED PUBLIC ACCOUNTANTS**

## FIRST PRIVATE BANK PUBLIC COMPANY LIMITED

*(Incorporated in the Republic of the Union of Myanmar)*

**FINANCIAL STATEMENTS AND OTHER FINANCIAL INFORMATION**

### DIRECTORS

| | |
|---|---|
| U Kyaw Tin | Chairman |
| Daw Hla Hla Win | Director |
| Daw Hla Hla Yi | Director |
| U Myint Lwin | Director |
| U Thein Lwin | Director |
| U Myo Tun | Director |
| U Htin Aung Kyaw Oo | Director |
| U La San | Director |
| U Thein Myint | Director |
| Daw Lae Lae Win | Alternate Director |
| U Thet Swe | Alternate Director |

### REGISTERED OFFICE

No.619/621, Merchant Street,
Corner of Bo Soon Pat Street and Merchant Street,
Pabedan Township,
Yangon Region, Myanmar

### AUDITOR

U Hla Tun & Associates Limited
Certified Public Accountants

### CONTENTS


| INDEX | PAGE |
|---|---|
| STATEMENT OF THE DIRECTORS | 1 - 2 |
| INDEPENDENT AUDITOR'S REPORT | 3 - 4 |
| STATEMENT OF FINANCIAL POSITION | FS 1 |
| STATEMENT OF COMPREHENSIVE INCOME | FS 2 |
| STATEMENT OF CHANGES IN EQUITY | FS 3 |
| STATEMENT OF CASH FLOWS | FS 4 |
| NOTES TO THE FINANCIAL STATEMENTS | FS 5 - FS 26 |

FPB
First Private Bank

ပထမ ပုဂ္ဂလိက ဘဏ် လီမိတက်

No. 619 ~ 621, MERCHANT STREET, (Corner of Merchant Street & Bo Soon Pat Street)
PABEDAN TOWNSHIP. YANGON. UNION OF MYANMAR.

TELEPHONE : 095-1-376 451 ~ 452 / 378 267 ~ 269
095-1-251 748 ~ 749 / 246 786
FAX : 095 -1- 242 320 / 250 148
Website : www.firstprivatebank.com.mm
e-mail : hofirst.office@fpb.com.mm
admindept.ho@fpb.com.mm

**FIRST PRIVATE BANK PUBLIC COMPANY LIMITED**

**STATEMENT OF THE DIRECTORS for the year ended 31 March 2023.**

The directors are pleased to present their statement to the members together with the audited financial statements of First Private Bank Public Company Limited ("the Bank") for the year ended 31 March 2023.

In our opinion:

(a) the financial statements set out on pages FS 1 to FS 26 are drawn up so as to give a true and fair view of the financial position of the Bank as at 31 March 2023 and the financial performance, changes in equity and cash flows of the Bank for year ended on that date.

(b) the books of accounts have been maintained in accordance with the Section 258 of Myanmar Companies Law 2017.

(c) at the date of this statement, there are reasonable grounds to believe that the Bank will be able to pay its debts as and when they fall due.

The board of Directors has, on the date of this statement, authorized these financial statements for issue.

**Directors**

The directors in office at the date of this statement are as follows:

1. U Kyaw Tin
2. Daw Hla Hla Win
3. Daw Hla Hla Yi
4. U Myint Lwin
5. U Thein Lwin
6. U Myo Tun
7. U Htin Aung Kyaw Oo
8. U La San
9. U Thein Myint
10. Daw Lae Lae Win
11. U Thet Swe

**Directors and their interests**

The directors in office in the year and their beneficial interests in the Bank at the end of financial year were as follows:

| | | Number of Shares<br>31.3.2023 |
|---|---|---|
| 1. | U Kyaw Tin | 1,200 |
| 2. | Daw Hla Hla Win | 87,120 |
| 3. | Daw Hla Hla Yi | 64,668 |
| 4. | U Myint Lwin | 150,072 |
| 5. | U Thein Lwin | 1,200 |
| 6. | U Myo Tun | 165,900 |
| 7. | Dr. Tin Win (passed away on 31/5/2023) | 66,672 |
| 8. | U Htin Aung Kyaw Oo | 66,000 |
| 9. | U La San | 60,000 |
| 10. | U Thein Myint | 12,000 |
| 11. | Daw Lae Lae Win | 552 |
| 12. | U Thet Swe | 1,140 |

Since the end of the previous financial year, no director has received or become entitled to receive a benefit by reason of a contract made by the Bank or related corporation with the director or with a firm of which he is a member or with a company in which he has a substantial financial interest, except as disclosed in the accompanying financial statements and in this report.

**Continuing Operations**
None of the activities of the Bank were discontinued or acquired during the year.

**Result of the Financial Year**
In the opinion of the directors, the results of the operations of the Bank during the financial year have not been affected by any item, transaction or event of a material and unusual nature other than the exceptional items and extraordinary items disclosed in the report.

The Bank has no recognized gains or losses during the financial year other than the profit or loss stated in the report.

**Dividends**
During the year, no dividend was paid by the Bank.

**Share options**

During the financial year, there were:

(i) no options granted by the Bank to any person to take up unissued shares in the Bank; and

(ii) no shares issued by virtue of any exercise of option to take up unissued shares of the Bank.

As at the end of the financial year, there were no unissued shares of the Bank under options.

**Charges and Contingent Liabilities**
Since the end of the financial year no charge on the assets of the Bank has arisen which secures the liabilities of any other person. Since the end of the financial year no contingent liability of the Bank has arisen. No contingent or other liability of the Bank has become enforceable or is likely to become enforceable within a period of twelve months after the end of the financial year which, in the opinion of the director, will or may substantially affect the ability of the Bank to meet their obligations as and when they fall due.

**On behalf of the Board of Directors**

..............................................

**Daw Hla Hla Win**
**Executive Director**

..............................................

**U Kyaw Tin**
**Chairman**

**Date: June** 30 **, 2023.**

## INDEPENDENT AUDITORS' REPORT

**To the members of First Private Bank Public Company Limited,**

**Report on the audit of the financial statements**

***Opinion***

We have audited the financial statements of **First Private Bank Public Company Limited** ("the Bank"), which comprise the statement of financial position as at 31 March 2023, the statement of comprehensive income, statement of changes in equity and statement of cash flows for the year then ended, and a summary of significant accounting policies and other explanatory information, as set out on pages FS 1 to FS 26.

In our opinion, the accompanying financial statements are property drawn up in accordance with the provisions of the Myanmar Companies Law and Myanmar Financial Reporting Standards (MFRSs), so as to give a true and fair view of the financial position of the Bank as at 31 March 2023 and of the financial performance, changes in equity and cash flows of the Bank for the year ended on that date.

***Basis for opinion***

We conducted our audit in accordance with Myanmar Standards on Auditing (MSAs). Our responsibilities under those standards are further described in the ***'Auditors' responsibilities for the audit of the financial statements'*** section of our report. We are independent of the Bank in accordance with the ethical requirements that are relevant to our audit of the financial statements in Myanmar, and we have fulfilled our other ethical responsibilities in accordance with these requirements. We believe that the audit evidence we have obtained is sufficient and appropriate to provide a basis for our opinion.

***Other information***

Management is responsible for the other information. The other information comprises the Directors' statement, but does not include the financial statements and the auditor's report thereon. Our opinion on the financial statements does not cover the other information and we do not express any form of assurance conclusion thereon.

***Responsibilities of management and directors for the financial statements***

Management is responsible for the preparation of financial statements that give a true and fair view in accordance with the provisions of the Myanmar Companies Law and MFRSs, and for devising and maintaining a system of internal accounting controls sufficient to provide a reasonable assurance that assets are safeguarded against loss from unauthorized use or disposition; and transactions are properly authorised and that they are recorded as necessary to permit the preparation of true and fair financial statements and to maintain accountability of assets.

In preparing the financial statements, management is responsible for assessing the Bank's ability to continue as a going concern, disclosing, as applicable, matters related to going concern and using the going concern basis of accounting unless management either intends to liquidate the Bank or to cease operations, or has no realistic alternative but to do so.

The directors' responsibilities include overseeing the Bank's financial reporting process.

*Auditors' responsibilities for the audit of the financial statements*

Our objectives are to obtain reasonable assurance about whether the financial statements as a whole are free from material misstatement, whether due to fraud or error, and to issue an auditors' report that includes our opinion. Reasonable assurance is a high level of assurance, but is not guarantee that an audit conducted in accordance with MSAs will always detect a material misstatement when it exists. Misstatement can arise from fraud or error and are considered material if, individually or in the aggregate, they could reasonably be expected to influence the economic decision of users taken on the basis of these financial statements.

As part of an audit in accordance with MSAs, we exercise professional judgment and maintain professional skepticism throughout the audit.

We communicate with the directors regarding, among other matters, the planned scope and timing of the audit and significant audit findings, including any significant deficiencies in internal controls that we identify during our audit.

**Report on other legal and regulatory requirements**

In accordance with the Myanmar Companies Law (2017), we report that;

(i) we have obtained all the information and explanations we have required and

(ii) the books and records have been maintained by the Bank as required by Section 258 of the Myanmar Companies Law.

In accordance with Section 89(a) of the Financial Institutions Law 2016, we report that in our opinion the financial statements of the Bank are properly and fairly drawn up, they present fairly the operation of the Bank and information obtained from the officers and representatives of the Bank are satisfactory.

U HLA TUN & ASSOCIATES LIMITED

**(Maung Maung Aung)**
**Certified Public Accountant**
**PAPP No. (197)**
**U Hla Tun & Associates Limited**
**Shwegon Plaza, 64(B), 1st Floor,**
**Komin Kochin Road, Bahan Township,**
**Yangon Region.**

**Dated:** June 30 **, 2023.**

**FIRST PRIVATE BANK PUBLIC COMPANY LIMITED**
(Incorporated in the Republic of the Union Of Myanmar)
**Statement of Financial Position**

| | Notes | As At 31st March 2023 MMK | As At 31st March 2022 MMK |
|---|---|---|---|
| **Assets** | | | |
| Cash & cash equivalents | 6 | 50,355,108,178 | 55,339,309,337 |
| Loans and receivables | 7 | 96,106,933,755 | 106,980,682,324 |
| Prepaid and other receivable | 8 | 8,663,720,779 | 12,773,443,128 |
| Inventories | | 45,840,139 | 43,037,128 |
| Investments | 9 | 36,201,300,000 | 36,201,300,000 |
| Property and equipment | 10 | 17,705,994,579 | 11,210,429,521 |
| Advanced Tax | | 530,009,634 | 734,319,302 |
| **Total Assets** | | **209,608,907,064** | **223,282,520,740** |
| **Equity** | | | |
| Paid up Capital | 11 | 29,664,613,000 | 24,720,530,000 |
| Share Premium | | 11,845,878,597 | 11,845,878,597 |
| Statutory Reserve | 12 | 18,525,972,824 | 17,656,603,344 |
| 2% Reserve (General Provision for Loans & Receivables) | 12 | 5,480,480,149 | 4,515,718,196 |
| Contingency Reserve | 12 | 112,819,312 | 103,159,538 |
| Other Reserve | 12 | 3,478,384,749 | 3,486,502,234 |
| Retained Earning | | 4,823,392,914 | 6,818,298,665 |
| **Total equity** | | **73,931,541,545** | **69,146,690,574** |
| **Liabilities** | | | |
| Deposits from Customers | 13 | 127,196,586,410 | 146,486,528,009 |
| Other Liabilities | 14 | 7,844,818,582 | 6,175,769,829 |
| Payment Order | | 18,085,450 | 103,982,285 |
| Provision for Income Tax | | 617,875,077 | 1,369,550,043 |
| **Total Liabilities** | | **135,677,365,519** | **154,135,830,166** |
| **Total Liabilities and Equity** | | **209,608,907,064** | **223,282,520,740** |
| Acceptance Endorsement and Guarantee | | 2,895,263,072 | 2,906,128,072 |

**See Accompanying Notes to Financial Statements**
**Authenticated by Directors;**

**Chief Executive Officer** **Director** **Chairman**

**Date:** June 30 **, 2023.**

D:\2023\FPBMarch23\FBPMarch2023\TTH

**FIRST PRIVATE BANK PUBLIC COMPANY LIMITED**

(Incorporated in the Republic of the Union Of Myanmar)

**Statement of Comprehensive Income**

| | Notes | Year ended March 31, 2023 MMK | Period ended March 31, 2022 MMK |
|---|---|---|---|
| Interest income | 15 | 12,785,757,446 | 8,557,785,589 |
| Interest expenses | 16 | (6,216,277,164) | (3,196,892,199) |
| **Net interest income** | | **6,569,480,282** | **5,360,893,390** |
| Fee and Commission income | 17 | 353,475,407 | 162,941,416 |
| Fee and Commission expenses | 18 | (543,739,313) | (195,652,080) |
| **Net fees and commission income** | | **(190,263,906)** | **(32,710,664)** |
| **Exchange Gain** | | **3,044,480,638** | **360,481,017** |
| **Fx Revaluation Exchange Gain/(Loss)** | | **-** | **(6,607,490)** |
| **Revenue** | | **9,423,697,014** | **5,682,056,253** |
| **Other income (sale of assets)** | | 524,483,747 | 22,366,672 |
| **Personnel expenses** | 19 | (3,261,610,548) | (1,483,688,199) |
| **Other expenses** | 20 | (2,591,217,216) | (1,407,103,844) |
| **Net profit (Before Tax)** | | **4,095,352,997** | **2,813,630,882** |
| Income Tax Expenses | 21 | (617,875,077) | (735,230,741) |
| **Net profit for the period/ year** | | **3,477,477,920** | **2,078,400,141** |
| **Other comprehensive income** | | **-** | **-** |
| **Total comprehensive income** | | **3,477,477,920** | **2,078,400,141** |
| **Earning Per Share** | | **117** | **841** |

**See Accompanying Notes to Financial Statements**

**Authenticated by Directors ;**

**Chief Executive Officer** **Director** **Chairman**

**Date:** June 30 **, 2023.**

**FIRST PRIVATE BANK PUBLIC COMPANY LIMITED**
(Incorporated in the Republic of the Union Of Myanmar)
**Statement of Changes in Equity**

| | Issued & paid up capital | Share premium | Stautory Reserve | General provision for loans & receivables | Other Reserve | Contingency Reserve | Retained Earnings | Total |
|---|---|---|---|---|---|---|---|---|
| Balances as of 1.10.2021 | 24,720,530,000 | 11,845,878,597 | 17,137,003,309 | 3,659,802,862 | 3,486,502,234 | 103,159,538 | 5,258,129,044 | 66,211,005,584 |
| Changes during the period | | | | | | | | |
| Transferred to reserves | - | - | 519,600,035 | - | - | - | (519,600,035) | - |
| Adjustment during the period | - | - | - | 855,915,334 | - | - | 1,369,515 | 857,284,849 |
| Profit for the period | - | - | - | - | - | - | 2,078,400,141 | 2,078,400,141 |
| Balances as of 31.3.2022 | **24,720,530,000** | **11,845,878,597** | **17,656,603,344** | **4,515,718,196** | **3,486,502,234** | **103,159,538** | **6,818,298,665** | **69,146,690,574** |
| Balances as of 1.4.2022 | 24,720,530,000 | 11,845,878,597 | 17,656,603,344 | 4,515,718,196 | 3,486,502,234 | 103,159,538 | 6,818,298,665 | 69,146,690,574 |
| Changes during the year | | | | | | | | |
| Share issued during the year | 4,944,083,000 | - | - | - | - | - | (4,944,083,000) | - |
| Transferred to reserves | - | - | 869,369,480 | - | - | - | (869,369,480) | - |
| Adjustment during the year | - | - | - | 964,761,954 | (8,117,485) | 9,659,774 | - | 966,304,243 |
| Adjustments | - | - | - | - | - | - | 341,068,808 | 341,068,808 |
| Profit for the year | - | - | - | - | - | - | 3,477,477,921 | 3,477,477,921 |
| Balances as of 31.3.2023 | **29,664,613,000** | **11,845,878,597** | **18,525,972,824** | **5,480,480,150** | **3,478,384,749** | **112,819,312** | **4,823,392,914** | **73,931,541,546** |

**Chief Executive Officer**

**Director**

**Chairman**

**Date:** June 30 **,2023.**

**FIRST PRIVATE BANK PUBLIC COMPANY LIMITED**
(Incorporated in the Republic of the Union Of Myanmar)
**Statement of Cash Flows**

| | Year ended 31st March 2023 MMK'000 | Period ended 31st March 2022 MMK'000 |
|---|---|---|
| **Total income** | 15,938,883 | 7,014,721 |
| **Interest expense** | (6,216,277) | (1,566,002) |
| **Cash payment to employee & other** | (9,223,170) | (1,713,356) |
| | **499,436** | **3,735,363** |
| (Increase)/decrease in loan and receivables | 10,873,749 | 9,752,391 |
| (Increase)/decrease in other assets | 4,311,229 | (5,096,241) |
| Increase/(decrease) in deposits | (19,289,942) | (5,993,372) |
| Increase/(decrease) other liabilities | 831,477 | (859,751) |
| **Cash generated from operation** | **(2,774,051)** | **1,538,390** |
| **Income -tax paid** | (824,172) | (334,319) |
| **Net cash Provided by /(used in) operating activities** | **(3,598,223)** | **1,204,071** |
| **Cash flow from investing activities** | | |
| Investment in government securities bond | - | - |
| Investment in CBM-Deposit Auction | - | - |
| Purchase of property and equipment | (2,029,176) | (279,727) |
| Proceeds from sale of property and equipment | 644,483 | 22,367 |
| **Net cash used in investing activities** | **(1,384,693)** | **(257,360)** |
| **Cash flow from financing activities** | | |
| Issued share capital | - | - |
| Dividend paid | (1,285) | (26) |
| Proceed from bonus shares issued | - | - |
| **Net cash used in financing activities** | **(1,285)** | **(26)** |
| **Net increase/(decrease) in cash in hand and at bank** | (4,984,201) | 946,685 |
| **Cash in hand and at bank at 1st April/1st October** | 55,339,309 | 54,392,624 |
| **Cash in hand and at bank at 31st March** | **50,355,108** | **55,339,309** |

**See Accompanying Notes to Financial Statements**

**Authenticated by Directors ;**

**Chief Executive Officer** **Director** **Chairman**

**Date:** June 30 **, 2023.**

SOCF Revised&[File]